မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၃၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်

ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မဟာမင်းကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား လက်ခံတွေ့ဆုံ

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Dirk Niebel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မဟာမင်းကြီး Mr. Andris Piebalgs ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဝန်ကြီး H.E. Mr. Dirk Niebel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ မဟာမင်းကြီး Mr. Andris Piebalgs ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Christian Ludwig Weber Lortsch လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး **H.E. Mr. Dirk Niebel** နှင့် ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မဟာမင်းကြီး**Mr. Andris Piebalgs** တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး **H.E. Mr. Dirk Niebel** ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မဟာမင်းကြီး **Mr. Andris Piebalgs** ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်)

လုပ်ငန်းခွင်ကျန်းမာရေးနှင့် စွမ်းဆောင်ရည်

မည်သည့်အလုပ်ကို လုပ်ကိုင်ကြသည်ဖြစ်စေ လူတစ်ဦးချင်းလုပ်ငန်းစွမ်းဆောင်ရည် ကောင်းပါမှ လုပ်ငန်းအောင်မြင်နိုင်သည်ဟု ပညာရှင်တို့က ဆိုကြ၏။ လုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်ရန်အတွက် လုပ်ငန်းခွင်သာယာရေးနှင့် လုပ်ငန်းခွင်ကျန်းမာရေးသည် အရေးကြီးဆုံးပေတည်း။

လူအများစုသည် လုပ်ငန်းခွင် ကျန်းမာရေးနှင့် လိုက်လျောညီထွေစွာ ပြင်ဆင်ဆောင်ရွက်နိုင်စွမ်းမရှိကြပေ။ လူနည်းစုသာလျှင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် လိုက်ဖက်အောင် ပြင်ဆင်နေထိုင်တတ်ကြ၏။ လုပ်ငန်းခွင်ကျန်းမာရေးဟုဆိုရာတွင် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုကို ဆိုခြင်းပင်ဖြစ်၏။ ထိုကြံ့ခိုင်မှုနှစ်ရပ်စလုံး ကောင်းမွန်ပါမှ လုပ်ငန်းခွင် သာယာဖြောင့်ဖြူးပေလိမ့်မည်။

လုပ်ငန်းခွင်အတွင်း ကျန်းမာရေးချူချာနေလျှင် လုပ်ငန်းအောင်မြင်မှုနှေးကွေးမည်။ ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးသည် အရေးကြီးသည်။ ကာယအလုပ်ကို လုပ်သည်ဖြစ်စေ၊ ဉာဏအလုပ်ကို လုပ်သည်ဖြစ်စေ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုသည်အရေးကြီးသည်။ "အာရောဂျံပရမံလာဘံ" ကျန်းမာခြင်းသည်လာဘ်တစ်ပါးဟု ဆိုကြ၏။ အလွန်မှန်သောစကားပင်ဖြစ်၏။ ကျန်းမာပါမှ အလုပ်လုပ်နိုင်ပြီး စီးပွားဥစ္စာ ရှာဖွေနိုင်မည်ဖြစ်၏။

တစ်ဖန် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုသည်လည်း အရေးကြီး၏။ ယနေ့ခေတ်တွင် လူပြောများလှသည့် စိတ်ဖိစီးမှုသည် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုကို အားနည်းစေသည်။ စိတ်ဖိစီးမှုအလွန်များလွန်းလျှင် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုကို ထိခိုက်စေနိုင်၏။ နာရီများစွာမနိုင်မနင်း ရုန်းကန်လုပ်ကိုင်နေရခြင်း၊ ဝန်နှင့်အား မျှတမှုမရှိခြင်းစသည်တို့သည် စိတ်ဖိစီးမှုကို ပို၍ဖြစ်စေနိုင်၏။

ထို့ကြောင့် လူတိုင်း လူတိုင်းသည် လုပ်ငန်းခွင်ဝင်ရောက်သည့်အခါ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု အပြည့်အဝရှိနေသင့်၏။ လုပ်ငန်းခွင်အတွင်း ဖျတ်လတ်တက်ကြွနေရမည်ဖြစ်၏။ စိတ်ဖိစီးမှုကို တတ်နိုင်သမျှ လျှော့ချသင့်၏။ စိတ်ဖိစီးမှုနှင့် ကျန်းမာရေးသည် အပြန်အလှန်အကျိုးသက်ရောက်နေ၏။ စိတ်ဖိစီးမှုများလျှင် ကျန်းမာရေးထိခိုက်နိုင်၏။ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ပြီး စိတ်ဖိစီးမှုနည်းပါမှ ဖျတ်လတ်တက်ကြွပြီး အကြံသစ်၊ ဉာဏ်သစ်များ တိုးပွားနိုင်၏။ စိတ်ကူး စိတ်သန်းကောင်းများ ထွက်ပေါ်နိုင်မည် ဖြစ်၏။ ထိုမှဆက်လက်၍ ထိုးထွင်းကြံဆမှုဖြင့် လုပ်ကိုင်နိုင်သောကြောင့် လုပ်ငန်းတိုးတက်အောင်မြင်မှုရရှိနိုင်၏။

ထို့ကြောင့်ပင် ဗြိတိသျှလုပ်ငန်းခွင်နှင့် ကျန်းမာရေးဆိုင်ရာညွှန်ကြားရေးမှူး ဒိန်းကာရိုးလ်ဘလက်ဆိုသူက "မနက်ဖြန်လုပ်မည့် လုပ်ငန်းအစီအစဉ်များအတွက် ယနေ့ကျန်းမာကြံ့ခိုင်နေအောင် ပြင်ဆင်ထားရမည်" ဟု ဆိုခဲ့ဖူး၏။ မှန်ပေ၏။ လုပ်ငန်းခွင်အတွင်း ကျန်းမာကြံ့ခိုင်ပါမှ လုပ်ငန်းတိုးတက်အောင်မြင်နိုင်မည်ဖြစ်သည်။ နောက်တစ်နေ့လုပ်ငန်းခွင်ဝင်လျှင် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေရမည်ဖြစ်၏။

ယခုအခါ လူတို့အနေဖြင့် လုပ်ငန်းခွင်ငြီးငွေ့မှုနှင့် စိတ်ဖိစီးမှုများ တတ်နိုင်သမျှလျှော့ချနိုင်ရန် အားလပ်ရက်များအတွင်း အပန်းဖြေခရီးထွက်ခြင်း၊ အနားယူခြင်း၊ ဘုရားဖူးခရီးသွားခြင်း၊ တရားဘာဝနာပွားများခြင်း စသည့်ဖြေလျှော့နည်းတို့ဖြင့် ကျန်းမာကြံ့ခိုင်ရေးအလေ့အထများ ပြုလုပ်လာကြ၏။ စိတ်ရောကိုယ်ပါ အနားပေးခြင်းသည် စိတ်ဖိစီးမှုကို သက်သာစေနိုင်၏။ အကြံသစ်၊ ဉာဏ်သစ်များ တိုးပွားစေနိုင်၏။

သို့ဖြစ်ရာ ကာယ၊ ဉာဏလုပ်သား ပြည်သူအပေါင်းတို့အနေဖြင့် လုပ်ငန်းခွင်အတွင်း စွမ်းဆောင်ရည်မြှင့်တင်လုပ်ကိုင်နိုင်ကြစေရန်အတွက် လုပ်ငန်းခွင်ကျန်းမာရေးကို အထူးဂရုပြုသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပေါ်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာ၏ ပေါ်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မိုးတားဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (သ. စ. အ) ဓမ္မာစရိယ၊ မတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မေသူမြင့်တို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုလေးက ဂျာနယ်မျိုးစုံ အစောင် ၁၀၀၊ ခရိုင်ဦးစီးမှူး ဦးခင်မောင်ထွန်းက သုတ/ရသစာအုပ် ၂၀ နှင့် ဂျာနယ်မျိုးစုံ၊ မြို့နယ်ဦးစီးမှူး ဒေါ်မေသူမြင့်က သုတ/ရသစာအုပ် ၁၂၀ နှင့် ဂျာနယ်မျိုးစုံတို့ကို လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်ညွန့်က လက်ခံခဲ့သည်။

ပေါ်ဦးစာကြည့်တိုက် အဆောက်အအုံသစ်သည် ပေ ၃၀၊ ပေ ၂၀၊ သွပ်မိုး၊ အုတ်ကာ တစ်ထပ်အဆောက်အအုံဖြစ်ကာ ငွေကျပ် ၄၂သိန်းကုန်ကျကြောင်း သိရသည်။ (ဝ၄ဝ)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ညောင်တုန်းမြို့ အထက(၁) အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း ဖတ်ကြားစဉ်။ (ဝ၈၂)

သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့ ဆေးကုသရေးစင်တာ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့မှ သက်ကြီးဆရာဝန်များ ဆုံစည်းရာ Dare Care Centre ကို အမှတ် ၁၄(အေ) တောင်မြင်းပြိုင်ကွင်းလမ်း တာမွေကြီး (ခ)ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့၌ ဖွင့်လှစ်မည်ဖြစ်ရာ ယင်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်(စနေနေ့) နံနက် ၉ နာရီတွင် အမှတ် ၆၇၇/၇၀၉ ပိုလ်ချုပ်အောင်ဆန်းလမ်း (၉)ရပ်ကွက် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ငွေသဇင်ကျောင်းဆောင်သစ်ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဖေဖော်ဝါရီ ၁၁ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ပဲခူးခရိုင် ကဝမြို့နယ် အောင်မြေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ငွေသဇင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်ဦးနှင့် အလှူရှင်သီဟသုဓမ္မဇောတဓရ ဦးငွေရှိန်တို့နှင့်အတူ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား စာမေးပွဲအောင်မြင်ရန်သာ သင်ကြားပေးခြင်း မဟုတ်ဘဲ တတ်မြောက်အောင်သင်ကြားပေးရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့်မိမိလူမျိုးကိုချစ်စိတ်၊ မိမိယဉ်ကျေးမှုကို မြတ်နိုးသည့်စိတ်၊ မိမိနိုင်ငံကို ချစ်စိတ်ရှိကြရန်လိုကြောင်း၊ ဆရာ ဆရာမများသည် သင်ကြားသည့် ဘာသာရပ်များအပြင် ပြင်ပဗဟုသုတများကိုလည်း လေ့လာရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျောင်းဆောင်သစ်အလှူရှင်က ကျောင်းဆောင်သစ် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီးပညာရေးမှူးထံ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သရက်ကုန်းအခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး သရက်ကုန်းကျေးရွာ တိုက်နယ်ဆေးရုံ၌ ကျင်းပသော ခွဲစိတ်ခန်းဆောက်လုပ်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အလှူရှင် သီဟသုဓမ္မဇောတဓရ ဦးငွေရှိန်က ခွဲစိတ်ခန်းဆောက်လုပ်ရေးအတွက် ငွေကျပ်သိန်း ၁၅၀ကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်ဦးထံ ပေးအပ်လှူဒါန်းပြီး တိုက်နယ်ဆရာဝန် ဒေါက်တာတင်မိုးလွင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများပေးအပ်ပြီး အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ရွှေဘို၌ကျင်းပ

ရွှေဘို ဖေဖော်ဝါရီ ၁၃

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ရွှေဘိုမြို့နယ် ရန်ကြီးအောင်အားကစားကွင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းကိုကို၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အသီးသီးမှ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ တက်ရောက်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ဖတ်ကြား

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ရွှေဘိုခရိုင် အုပ်ချုပ်ရေးမှူးဦးလှဦးက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ (ဝ၅ဝ)

မီးဖိုမီး
အခြားမီး
သုံးပြီးသတိ
အမြဲရှိ

ပြည်ထောင်စုနေ့ဟောပြောပွဲ ဝန်းသိုမြို့နယ်၌ ကျင်းပ

ဝန်းသို ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဂျိုးထောင်စံပြကျေးရွာ ပညာရေးဌာနနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ (၆၅)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက ဝန်းသိုမြို့နယ် ဂျိုးထောင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နီလာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်(မျိုးမြင့်-မြန်မာစာ)က အမှာစကားပြောကြားသည်။

ထို့နောက် ဝန်းသိုမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါ်တင်ထားရီ(ထိပ်ထားဝန်းသို)က အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စုကိုလည်းကောင်း၊ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က သွေးတူသားတူတိုင်းရင်းသားတို့ ပြည်ထောင်စုအားမာန်ကိုလည်းကောင်း ဟောပြောကြသည်။

ယင်းနောက်ဝန်းသိုမြို့နယ် ဂျိုးထောင်စံပြကျေးရွာမှ ဦးအောင်နိုင်ဦး၊ ဒေါ်ထွေးနှင်းခိုင်(လင်းလက်ကွန်ပျူတာလုပ်ငန်း)နှင့် ကောလင်းမြို့ ခင်မို့မို့စာပေတို့က သတင်းစာ၊ ဂျာနယ်စောင်ရေ ၁၅၀ ကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးအောင်ထံ ပေးအပ်လှူဒါန်းကြကြောင်း သိရှိရသည်။ **(ဝ၈၂)**

မြို့နယ်ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပထမအကြိမ်မြောက် ရွှေပြည်သာမြို့နယ်ပညာရေးမှူးဒိုင်း U-10 နှင့် U-13 အမျိုးသားဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို အထက(၄)ကျောင်း အားကစားကွင်း၌ ကျင်းပသည်။ အစီအစဉ်အရ မြို့နယ်ပညာရေးမှူး ဦးလှရီက အမှာစကားပြောကြားသည်။ ထို့နောက် တစ်ဦးချင်းထူးချွန်ဆုရရှိသော အားကစားသမားများနှင့် အသင်းလိုက် ဒုတိယဆု၊ တတိယဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီးနောက် U-10 တွင် အနိုင်ရဗိုလ်စွဲခဲ့သော အမက(၄၂)အသင်းကို မြို့နယ်ပညာရေးမှူးက တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၆၆)

စာအုပ်စာပေ လူ့မိတ်ဆွေ

● *ကျောဖုံးမှ*

လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် အခြေခံအဆင့်ဆင့်တွင် စွမ်းဆောင်ရည်မြင့်မားကြမှသာ ဗဟိုချုပ်ကိုင်မှုစနစ် လျှော့ချရေးလုပ်ငန်းစဉ် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော်ပထမနေ့ ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ပညာရေးမူဝါဒ လမ်းညွှန်ချက် (၁၀) ရပ် ချမှတ်ခဲ့ပါကြောင်း၊ အစိုးရသစ်၏ ပညာရေးမူဝါဒအပေါ် အခြေခံလျက် အရေးပါသော ဆောင်ရွက်ချက်များဖြစ်သော အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ် စတင်အကောင်အထည်ဖော်ရေး၊ ပုဂ္ဂလိကကျောင်း မှတ်ပုံတင်ဥပဒေ ထုတ်ပြန်ရေး၊ ပညာထူးချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ရေးတို့ကို လာမည့်ပညာသင်နှစ်တွင် အကောင်အထည်ဖော်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် နှစ် ၃၀ နှစ်ရှည် အခြေခံပညာရေး စီမံကိန်း (၂၀၀၁-၂၀၃၁)၊ လူတိုင်းအတွက်ပညာရေး နိုင်ငံအဆင့် လုပ်ငန်းအစီအစဉ် (၂၀၀၃-၂၀၁၅) များကိုလည်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး မူဘောင်အရ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ပညာရေးလုပ်ငန်း (၁၃)ရပ်ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် အသက် (၅) နှစ်နှင့်အထက် သူငယ်တန်းကျောင်းဝင်နှုန်းသည် ၉၈ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်ပြီး မူလတန်းကျောင်းဝင်နှုန်းသည် ၈၄ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ကာ မူလတန်းအဆင့် ပြီးဆုံးမည့်နှုန်းသည် ၈၂ ဒသမ ၂၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ထို့အပြင် ဆရာ ဆရာမများ၏ အရည်အသွေး မြင့်မားရေး၊ ပညာရေးဝန်ထမ်းများ၏ လူမှုစီးပွားရေး မြှင့်တင်ရေး၊ သင်ယူမှုပတ်ဝန်းကျင် အခြေအနေကောင်းများ ဖြည့်ဆည်းဖန်တီးပေးရေး၊ အရည်အသွေး ထိန်းချုပ်ရေး၊ နိုင်ငံအဆင့် အရည်အသွေး စံနှုန်းအညွှန်းဘောင်ကို ဒေသတွင်း အရည်အသွေးစံနှုန်းအညွှန်းဘောင်နှင့် ကိုက်ညီစေရေးတို့ကို ဆက်လက်အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း။

ခိုင်မာအောင်ပြုလုပ်

အဆင့်မြင့်ပညာကဏ္ဍတွင် ပိုမိုများပြားလာသော ကျောင်းသားများအတွက် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသစ်များ ဖွင့်လှစ်ခြင်းအားဖြင့် သင်ယူမှုအခွင့်အလမ်းများ ပိုမိုဖန်တီးပေးခြင်းအပြင် ခက်လက်ဝေဖြာ အခွင့်အလမ်းများ မြှင့်တင်ပေးနိုင်ရန် သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ပညာဆက်လက် သင်ယူလိုသော အရည်အသွေး ဖြည့်ဆည်းလိုသောသူများအတွက် ပညာရပ်သင်တန်းများနှင့် ကျွမ်းကျင်မှု အဆင့်မြှင့်တင်ရေးသင်တန်းများကို non-formal education အစီအစဉ်ဖြင့် တက္ကသိုလ်ဝန်းကျင် ပြည်သူလူထုအတွက် ပညာဗဟုသုတ ဖြည့်ဆည်းနိုင်ရန် အလို့ငှာ ၁၉၉၈ ခုနှစ်မှစတင်၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အမျိုးသားဗဟိုဌာနကို တည်ထောင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပညာဆက်လက်သင်ယူရန် ပြတ်တောက်ခဲ့သောသူများနှင့် အရည်အသွေး ဆက်လက်မြှင့်တင်လိုသူများအတွက် သင်တန်းအမျိုးမျိုးကို ဖွင့်လှစ်ခဲ့ပါကြောင်း၊ တက်ရောက်သူများမှာလည်း အခြေခံပညာ အောင်မြင်ပြီးသူမှ တက္ကသိုလ်ဘွဲ့ရအထိ အမျိုးမျိုးကွဲပြားခဲ့ပါကြောင်း၊ သို့ရာတွင် ကျန်သင်တန်းဆင်းများသည် လက်ရှိဈေးကွက်လိုအပ်ချက်အတွက် အရေအတွက်သာမက အရည်အသွေးပါ ကိုက်ညီသင့်ပါကြောင်း၊ ထို့ကြောင့် သင်ယူမှု အခွင့်အလမ်း မြှင့်တင်ရေးကဲ့သို့ အရည်အသွေးမြှင့်တင်ရေးကိုလည်း အခြေခံပညာနှင့် အဆင့်မြင့် ပညာကဏ္ဍနှစ်ခုစလုံးတွင် ခိုင်မာအောင်ပြုလုပ်ပေးရန် လိုအပ်ပါကြောင်း။

စက်မှု၊ သက်မွေးကဏ္ဍနှင့်ပတ်သက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အဓိကတာဝန်ယူရပါကြောင်း၊ စက်မှုနှင့် သက်မွေးပညာလေ့ကျင့်ရေးသည် ထုတ်လုပ်ရေးမြင့်မားမှုအတွက် နည်းပညာလိုအပ်ချက်နှင့် ရင်ပေါင်တန်းနိုင်ရန် အရေးကြီးပါကြောင်း၊ စက်မှုနှင့် သက်မွေးပညာရေးသည် လူမှုစီးပွားနယ်ပယ်တွင် လိုအပ်သော အရည်အသွေးများ ဖြည့်ဆည်းပေးရုံသာမက လူငယ်များကို လူ့အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများကိုလည်း မြှင့်တင်ပေးပါကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်များနှင့် စက်မှုဖွံ့ဖြိုးရေးအတွက် လိုအပ်သော အနာဂတ်စက်မှုလုပ်အားစုအတွက် စက်မှုနှင့် သက်မွေးပညာရေးကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း။

UN Assistant Secretary-General & Chair of UN Development Group (UNDG), Asia-Pacific မှ Dr.Ajay Chhibber အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ထို့အပြင် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာသည် လူမှုနယ်ပယ်အားလုံးနီးပါးနှင့် ပတ်သက်သော သတင်းအချက်အလက်များကို လျင်မြန်၍အကုန်အကျနည်းပါးသော ချိတ်ဆက်မှုကို ရရှိစေပါကြောင်း၊ အင်တာနက်သည် ပထဝီဝင်ဆိုင်ရာ အတားအဆီးများကို ချိုးဖျက်လျက် မျိုးဆက်သစ်များအတွက် ခေတ်မီနည်းပညာများ ဖြည့်ဆည်းပေးကာ ဈေးကွက်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် လိုက်လျောညီထွေ အရေးပါသည့် နိုင်ငံတကာ ဗဟုသုတ တိုးတက်ရေးအတွက် ICT ကိုလည်း ခိုင်မာစေရမည် ဖြစ်ပါကြောင်း။

ယနေ့ခေတ်ကာလတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးကဏ္ဍ၏ အရေးပါမှုသည်လည်း မြင့်မားလာနေပါကြောင်း၊ ဆန်းသစ်သော၊ စွမ်းဆောင်ရည်မြင့်မားသော လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်ပါကြောင်း၊ သုတေသနတွေ့ရှိချက်များနှင့် စီးပွားရေးဈေးကွက်တွင် ထိုးဖောက်နိုင်မှုအကြား ကွာဟချက်ရှိနေလျှင် သုတေသနနှင့် ဖွံ့ဖြိုးရေးသည် မတည်မြဲနိုင်ကြောင်း၊ နည်းပညာနှင့်ဆန်းသစ်သည့် ပညာရပ်ဖော်ထုတ်ရေးဌာနများ တည်ထောင်ခြင်းအားဖြင့် စက်မှုလုပ်ငန်းများတွင် နည်းပညာသစ်များပေါ်ထွက်စေနိုင်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းကို ဦးတည်သော စွမ်းဆောင်ရည်များကို ထောက်ပံ့ခြင်းဖြင့် ကွာဟချက်ကို ကျဉ်းမြောင်းစေမည်ဖြစ်ပါကြောင်း။

ရည်မှန်းချက်နှစ်ရပ် ချမှတ်

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ အမျိုးသားကျန်းမာရေးအစီအစဉ်သည် အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း အသက်ရှင်နေထိုင်နိုင်ရေး၊ လူတိုင်းရောဂါကင်းဝေး၍ အသက်ရှည်ရေးဟူသော ရည်မှန်းချက်နှစ်ရပ် ချမှတ်ထားပါကြောင်း၊ ၎င်းရည်မှန်းချက်များအောင်မြင်စေရန် ကျန်းမာရေးဗဟုသုတများကို ကျေးလက်ဒေသအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရေး၊ ရောဂါကာကွယ်ရေး လှုပ်ရှားမှုများကို မြှင့်တင်ရေးနှင့် Prevalling Diaseases များကို ထိရောက်စွာ ကုသနိုင်ရေးဟူသော လုပ်ငန်းစဉ်သုံးရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် ဆက်စပ်သော အညွှန်းကိန်းအများစုသည် ယခင်နှစ်များအတွင်း တိုးတက်မှုများရရှိခဲ့သော်လည်း နောက်ထပ်ဆောင်ရွက်ရန် နယ်ပယ်များစွာ ကျန်ရှိနေပါကြောင်း၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်ဖောက်ပြန်မှုများကြောင့် ကျန်းမာရေးစိန်ခေါ်မှုအသစ်များ ပေါ်ပေါက်လာနေပါကြောင်း၊ ထိုစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် လက်ရှိလက်တွဲဆောင်ရွက်မှုကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့အဖွဲ့အစည်းနှင့် စုပေါင်းဆောင်ရွက်မှုတွင် ပိုမိုပါဝင်ဆောင်ရွက်ခြင်းဖြင့် ၎င်းစိန်ခေါ်မှုများကို ကျော်လွှားရန် ကြိုးစားနိုင်ပါကြောင်း။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကျန်းမာရေးနှင့် ပညာရေးကဏ္ဍ နှစ်ခုပေါင်း အသုံးစရိတ်သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပညာရေးကဏ္ဍ၌ အသုံးစရိတ် ၄ ဒသမ ၇ ရာခိုင်နှုန်းနှင့် ကျန်းမာရေးကဏ္ဍ၌ ၂ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ၅ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ အစိုးရအသုံးစရိတ်၏ ၇ ဒသမ ၅ ရာခိုင်နှုန်း ရှိလာလိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်သည်၊ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးသို့ ဦးတည်သည်ကို သိရှိကြပြီးဖြစ်ပါကြောင်း၊ လက်ရှိပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်သည် အခြားနိုင်ငံများထက် ပိုမိုနည်းပါးနေပါကြောင်း။

ယနေ့ခေတ်ကာလတွင် နိုင်ငံများစွာသည် ၎င်းတို့၏ စီးပွားရေးကို သဘာဝအရင်းအမြစ်အခြေခံမှ လူသားအရင်းအမြစ်အခြေခံသို့ ပြောင်းလဲနေကြပါကြောင်း၊ သဘာဝအရင်းအမြစ်များသည် ပြုန်းတီးနိုင်သော်လည်း လူသားအရင်းအမြစ်များသည် မပြုန်းတီးနိုင်သည့်အပြင် စီးပွားရေး စွမ်းဆောင်ရည်ကိုလည်း အဆပေါင်းများစွာ မြင့်မားစေရန် အထောက်အကူပြုနိုင်ပါကြောင်း၊ တိုင်းပြည်များစွာတို့တွင် သဘာဝအရင်းအမြစ်မရှိဘဲ လူသားအရင်းအမြစ်ပေါ်တွင် အခြေပြုလျက် တိုးတက်မှုများ ရရှိနေသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ လူသားအရင်းအမြစ်နည်းပါးသော တိုင်းပြည်သည် ယနေ့ကမ္ဘာလှိုင်း၏ ကြမ်းတမ်းမှုဒဏ်ကို ခံနိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်အဖွဲ့အစည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ ပြည်တွင်း NGOs နှင့် INGOs များပါဝင်သော အဖွဲ့အစည်းအားလုံးအား နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မြှင့်တင်ရေးအတွက် ဆောင်ရွက်ကြိုးပမ်းကြရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ နိုင်ငံတော်၏ လူသားအရင်းအမြစ်များကို မြှင့်တင်ရေးအတွက် အချိန်အခါမရွေး၊ နေရာမရွေး အကူအညီများကို ရယူလိုသည်ကို အမြဲဖော်ပြလေ့ရှိပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသောအချက်များအဖြစ် ရှိနေသောကြောင့် ဖြစ်ပါကြောင်း။

၎င်းညီလာခံကြီးက အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုစီမံကိန်း အောင်မြင်စေရန်နှင့် ဆောင်ရွက်သင့်သောမူဝါဒများ ချမှတ်နိုင်ရန် ထိရောက်စွာ ကူညီနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဧည့်သည်တော်ကြီးများ၊ ပါဝင်ဆွေးနွေးသူများ၊ တက်ရောက်သောအဖွဲ့အစည်းများအားလုံးအား ၎င်းအရေးပါသော ညီလာခံကြီးအောင်မြင်ရေး ပူးပေါင်းပါဝင်မှုများကို အထူးကျေးဇူးတင်ရှိပါသည်ဟု ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Vijay Nambiar၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ UN Assistant Secretary - General & Chair of UN Development Group (UNDG), Asia-Pacific မှ Dr. Ajay Chhibber နှင့် UN Resident & Humanitarian Coordinator, Myanmar မှ Dr. Ashok Nigam တို့က ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအတွက် မူဝါဒရွေးချယ်သတ်မှတ်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြပြီး ညီလာခံဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ညီလာခံသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအတွက် မူဝါဒရွေးချယ်သတ်မှတ်ရေးဆိုင်ရာ အမျိုးသားအဆင့်ညီလာခံကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ စီးပွားရေးဆိုင်ရာအကြံပေး ဦးမြင့်က ဦးဆောင်ဆွေးနွေးသူ (Moderator) အဖြစ် ဆောင်ရွက်ပြီး ညီလာခံသို့ တက်ရောက်လာကြသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များက အစီအစဉ်အတိုင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ညနေပိုင်းတွင် ညီလာခံကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအတွက် မူဝါဒရွေးချယ်သတ်မှတ်ရေးဆိုင်ရာ အမျိုးသားအဆင့်ညီလာခံကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ ဆက်လက်ကျင်းပပြီး ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများချမှတ်ရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများချမှတ်ရေးတို့နှင့် စပ်လျဉ်း၍ ညီလာခံသို့ တက်ရောက်လာကြသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များက ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျောင်းသား ကျောင်းသူများ ကာယ၊ ဉာဏဖွံ့ဖြိုးမှ တိုင်းပြည်အရေးအားကိုးနိုင်မည်
ကျောင်းစာကျက်မှတ်ရင်း မိဘလုပ်ငန်းများကို ဝင်ရောက်ကူညီ၊ နားလည်တတ်ကျွမ်းအောင်သင်ကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၃

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်ဇနီး ဒေါ်နန်းဖြူဖြူအေးတို့သည် မကွေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ နိပဆေးတောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြ၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အလှူငွေပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး **(အပေါ်ယာပုံ)**က ဒေသခံပြည်သူများအား ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးတို့နှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး၍ ကျောင်းသားကျောင်းသူများအနေဖြင့် ကာယ၊ ဉာဏနှစ်ဖြာဖွံ့ဖြိုးမှသာ ရပ်ရေးရွာရေး၊ တိုင်းပြည်အရေး အားကိုးနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းစာကျက်မှတ်ရင်း မိဘလက်ငုတ်လုပ်ငန်းများကို ဝင်ရောက် ကူညီပြီး နားလည်တတ်ကျွမ်းအောင် သင်ကြားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။ ယင်းနောက် စေတနာရှင်၊ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာမကြီးထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ၊ သုတရသစာစောင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး နိပဆေးတောကျေးရွာ၌ စီးပွားဖြစ် စိုက်ပျိုးအောင်မြင်လျက်ရှိသည့် သနပ်ခါးစိုက်ခင်းများကို ကြည့်ရှုလေ့လာသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရေစကြိုမြို့နယ် ထင်းတန်းရပ် အမှတ်(၅)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ရေစကြိုမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လည်းကောင်း၊ ပေကုန်းကျေးရွာအုပ်စု ပန်းညှင်းကျေးရွာ၌ ဒေသခံများနှင့်လည်းကောင်း၊ ကြီးကန်ကျေးရွာအုပ်စု တောင်းအိုကျေးရွာ၌ ဒေသခံများနှင့်လည်းကောင်း တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ရေစကြိုမြို့နယ် အလယ်သောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးမှ တာဝန်ရှိသူများက ကျောင်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အလယ်တန်းကျောင်းဆောင်သစ်တစ်ခု ထပ်မံဆောက်လုပ်မည့် မြေနေရာ၌ ပန္နက်တင်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အမှာစကားပြောကြားသည်။

ယင်းနောက် စေတနာရှင်၊ အလှူရှင်များက ကျောင်းအုပ်ဆရာကြီးထံ အလှူငွေနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာနှင့် ကျေးရွာများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ပန္နက်တင်ပေး

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရေစကြိုမြို့နယ် သူဌေးကုန်းရပ်ကွက်၌ ဦးသန့်ဇင်နှင့်ဒေါ်အေးအေး (အောင်မော်တော်ယာဉ်ထုတ်လုပ်ရေး၊ မန္တလေး) မိသားစုက ဆောက်လုပ်လှူဒါန်းမည့် ကျေးရွာဆေးပေးခန်းနှင့် စာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်အားပေး၍ ပန္နက်တင်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆင်ချောင်းကျေးရွာအုပ်စုနှင့် ဇီးကုန်းကျေးရွာအုပ်စုအကြား ဆက်သွယ်သွားလာနိုင်ရန်အတွက် လယ်ကြီး သံကူကွန်ကရစ်တံတား တည်ဆောက်မည့် နေရာ၌ ပန္နက်တင်ပေးသည်။

ပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရေစကြိုမြို့နယ် ကုန်းတလင်းကျေးရွာ အမှတ်(၁၀၁) အခြေခံပညာမူလတန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံကာ ပညာသင်ကြားသင်ယူနေမှုကို ကြည့်ရှုပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် ဆင်ချောင်းစံပြကျေးရွာ အလယ်တန်းကျောင်း၌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ဆောက်လုပ်လှူဒါန်းမည့် ပေ ၃၀ ပတ်လည် ခြောက်ခန်းပါ၊ အလျား ၁၆၈ ပေနှင့် အနံ ၃၁ ပေရှိ တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မည့် မြေနေရာကို ပန္နက်တင်ပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Dirk Niebel ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပကတိဖြစ်ပေါ် တိုးတက်မှု၊ နိုင်ငံရေးပြောင်းလဲတိုးတက်မှုနှင့်အတူ စီးပွားရေးပြောင်းလဲဖွံ့ဖြိုးတိုးတက်မှုပါ တစ်ထပ်တည်း ဒွန်တွဲပါလာရေးအတွက် လိုအပ်မှုတို့နှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားပြီး မြန်မာ-ဂျာမနီနှစ်နိုင်ငံအပြင် ဥရောပသမဂ္ဂ (EU) နှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်တည်ဆောက်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍပိုမိုတိုးတက်မြင့်မားရေးအတွက် ဂျာမနီနိုင်ငံက အားပေးကူညီ ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ထိုသို့ အားပေးကူညီဆောင်ရွက်ရာတွင် လွှတ်တော်က ဆောင်ရွက်ဖွယ်ရှိသည်များကို ဆောင်ရွက်ဖော်ဆောင်ပေးနိုင်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Christian Ludwig Weber Lortsch နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Dirk Niebel အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

တွေ့ဆုံမှုအပြီးတွင် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လွှတ်တော်အဆောက်အအုံ ပြည်ထောင်စု လွှတ်တော်ခန်းမအတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးဒသမနေ့ ဆင်ယင်ကျင်းပနေမှုကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Dirk Niebel နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီခွဲတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျာမနီ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စက်မှုဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် အထောက်အပံ့များ ပေးအပ်နိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မဟာမင်းကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မဟာမင်းကြီး Mr. Andris Piebalgs သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့နံနက် ၉နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဥရောပကော်မရှင်နှင့် မြန်မာနိုင်ငံအကြား အနာဂတ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ **(ယာပုံ) (သတင်းစဉ်)**

ဓမ္မဗျူဟာ-ဗုဒ္ဓဘာသာယဉ်ကျေးမှု(အခြေခံအဆင့်) နည်းပြသင်တန်း ဓမ္မဒါန ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

နွေရာသီကျောင်းပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ် မြို့ပေါ်နှင့် ရပ်ကွက်အသီးသီး၌ ပထမတန်းမှ ပဉ္စမတန်းအထိ သားငယ်၊ သမီးငယ်များအတွက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ စနစ်တကျ ဖွင့်လှစ်သင်ကြားပေးနိုင်ရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာယဉ်ကျေးမှု (အခြေခံအဆင့်) နည်းပြသင်တန်းကို ဓမ္မဗျူဟာသာသနမာမကအဖွဲ့၊ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း အမှတ် (၆) ကြားတောရလမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် (ရေခဲဆိုင်မှတ်တိုင်အနီး) ဗဟန်းမြို့နယ် ရန်ကုန်မြို့တွင် ဓမ္မဒါန ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ဤသင်တန်းတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာများနှင့် သင်ကြားနည်းစနစ်များကို သင်တန်းမှူး ဓမ္မဗျူဟာ-ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မ ဇောတိကဓဇ) က ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ်လ ၂၊၃၊၄ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖြစ်သည်။

အထက်တန်းအဆင့် ယဉ်ကျေးမှုသင်တန်း ၁၆ ရက် တက်ရောက်ပြီး၍ နည်းပြအဖြစ် ဓမ္မဒါနပြု ပြန်လည်သင်ကြားပေးလိုသူများသာ တက်ရောက်နိုင်ပြီး သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် ဓမ္မဗျူဟာသာသနမာမကအဖွဲ့သို့ ဖေဖော်ဝါရီ ၂၀ ရက် ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်
တပို့တွဲလပြည့်ကျော် ၇ရက် (အဖိတ်နေ့)
၁၄-၂-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြား တော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇:၄၀ ၂။ သတ္တဌာန (ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
၈:၂၅ ၃။ **ကြိုတင်ပြင်ဆင် ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်**
၈:၄၀ ၄။ International News
၈:၄၅ ၅။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၃၀ ၁။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ရူပဗေဒဘာသာရပ်)
၅:၁၅ ၂။ **ရင်သွေးငယ်များကျန်းမာဖို့ ဝက်သက်ရောဂါတိုက်ဖျက်စို့**
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၄၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချမ်းမြေ့ပျော်ရွှင်** (အပိုင်း-၄)
၈:၀၀ ၆။ ပြည်တွင်းသတင်း
၇။ နိုင်ငံတကာသတင်းများ
၈။ မိုးလေဝသအခြေအနေ

MRTV-4

၁၄-၂-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀ MRTV-4 သတင်း
၅:၄၀ **မှားသောအကျင့်နှင့် မှန်သောအကျင့်** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၁၅)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၆၈)
၁၁:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဧကရီ** (အပိုင်း-၁၅)
၂:၀၀ MRTV-4 သတင်း
၄:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၆၈)
၆:၀၀ MRTV-4 သတင်း
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၁၆)
၈:၀၀ MRTV-4 သတင်း
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၆၉)
၁၀:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဧကရီ** (အပိုင်း-၁၆)
၁၁:၁၅ အနုပညာမိုးကောင်းကင်
၂:၁၀ **တစ်ပြည်ဝင်အိုး** ဇော်ဦး၊ခိုင်ခန့်၊အာကာစိုး၊နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် [(ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၄:၅၀ ထူးထူးခြားခြား ပဲခူးမြို့မှမြွေဘုရား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** လွတ်လပ်၍ တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် အခြေအနေများနှင့် နိုင်ငံရေးပါတီများ လွတ်လပ်စွာမဲဆွယ်စည်းရုံးနိုင်ခွင့်တို့အတွက် ဆောင်ရွက်ပေးထားမှုတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် Mr. Ajay Chhibber နှင့်အဖွဲ့ဝင်များသည် ယနေ့ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်အောင်မြင်မှုများနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ အလုပ်သမားဥပဒေများနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဥပဒေ ရေးဆွဲထားသည့် အခြေအနေများ၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားရေးတို့အတွက် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးကြသည်။ တွေ့ဆုံဆွေးနွေးရာတွင် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရဟိုတယ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းနှင့်အတူ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းဇော်၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် မစ္စတာ ဗီဂျေနမ်ဘီးယားက မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးရာ အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းက မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ကို ဖွဲ့စည်းကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး၍ ထာဝရ ငြိမ်းချမ်းရေးရရှိသည်အထိ စဉ်တိုက်ဆက်တိုက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြန်လည်ဆွေးနွေးဖြေကြားပြီး ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်ရေး ဒဂုံတက္ကသိုလ်၌ တွေ့ဆုံညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံတက္ကသိုလ်မှ နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားများ ထွက်ပေါ်လာရေးအတွက်ရည်ရွယ်၍ ဒဂုံတက္ကသိုလ်ရှိ အားကစားလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီက ဒဂုံတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ **(အပေါ်ပုံ)** တွေ့ဆုံဆွေးနွေးပွဲတွင် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ ဒဂုံတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်အေးအေးထွန်းနှင့် တာဝန်ရှိသူများက ဒဂုံတက္ကသိုလ်တွင်ရှိသည့် အားကစားကွင်း၊ အားကစားရုံများ အဆင့်မြှင့်တင်ပြုပြင်ရေး၊ အားကစား အထောက်အကူပစ္စည်းများ ကူညီပံ့ပိုးရေး၊ အားကစားဝတ်စုံများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး၊ အားကစားနည်းပြ/ နည်းစနစ်မှူးများ ခန့်အပ်တာဝန်ပေးရေးကိစ္စများကို အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ဒဂုံတက္ကသိုလ်အတွင်းရှိ အားကစားခန်းမနှင့် ဘောလုံးကွင်းများ၌ အားကစားယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆွေးနွေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် လမ်းမတော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး၊ အထက(၁)လမ်းမတော် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများထဲမှ ထူးချွန်အားကစားသမား မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက် ကျောင်းတွင်း အားကစားကွင်း၊ ရုံများ အဆင့်မြှင့်တင်ပြုပြင်ရေး၊ အားကစားပစ္စည်းများ ပံ့ပိုးပေးရေး၊ အားကစားနည်းပြ အရာရှိများ ကျောင်းသို့တွဲဖက်ပေးရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရမည်းသင်း ဖေဖော်ဝါရီ ၁၃

၂၀၁၂ ခုနှစ် (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကာယအလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပရာ ပြိုင်ပွဲတွင် ကိုယ်ကာယအလှမယ် ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမဆုရ လဲ့သန္တာညွန့်ဦး (နည်းပညာတက္ကသိုလ်) ရမည်းသင်းမြို့၊ ဒုတိယဆုရ နှင်းအိဖြိုး (နည်းပညာတက္ကသိုလ်) ရမည်းသင်းမြို့နှင့် တတိယဆုရ ပိုးအိဖြူ (ပျော်ဘွယ်မြို့) တို့အား ခရိုင်အမျိုးသမီးအားကစားအဖွဲ့မှ ရမည်းသင်း ခရိုင်အုပ်ချုပ်ရေးမှူး၏ ဇနီး ဒေါ်ထားထားဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ)** **(ဌဝဓ)**

ကာယအလှမယ်ပြိုင်ပွဲ ရမည်းသင်းမြို့၌ ကျင်းပ

ရန်ကုန်အရှေ့ပိုင်းခရိုင် အထက (၁) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများအသင်းက ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က မေတ္တာရိပ်ရင်ပြင်၌ ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းအနက် အကောင်းဆုံးဆုရရှိသော ဆောင်းဟေမာန်အသင်းအား ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့် ဆုဖလားပေးအပ်စဉ်။ (မြန်မာ့အလင်း)

14-2 (05).pmd 1 2/14/2012, 2:40 AM

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

နေတိုးရဟတ်ယာဉ် အာဖဂန်၌ ပျက်ကျ

ကဘူးလ် ဖေဖော်ဝါရီ ၁၃

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့၏ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်တစ်စင်း အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ပျက်ကျသဖြင့် အနည်းဆုံးလေးဦးသေဆုံးကြောင်း ဖေဖော်ဝါရီ ၁၃ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ကဘူးလ်မြို့အခြေစိုက် ထောက်ပို့ကုမ္ပဏီဖြစ်သည့် စူပရင်းပိုင် ရဟတ်ယာဉ်မှာ ကဘူးလ်မြို့တော်တောင်ဘက် ကီလိုမီတာ ၃၄၀ တွင် တည်ရှိသော ကဘူးလ်ပြည်နယ် အနောက်ပိုင်းတစ်နေရာတွင် ဖေဖော်ဝါရီ ၁၁ ရက်နှောင်းပိုင်းက ပျက်ကျခြင်းဖြစ်ကြောင်း နေတိုးတပ်ဖွဲ့က ကြေညာသည်။

ရဟတ်ယာဉ် ပျက်ကျချိန်တွင် ထိုဒေသအတွင်း စစ်ရေးလှုပ်ရှားမှုမရှိကြောင်း၊ မည်သည့်အတွက်ပျက်ကျရသည်ကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း နေတိုးတပ်ဖွဲ့၏ကြေညာချက်၌ ထည့်သွင်းဖော်ပြထားသည်။ **(အင်တာနက်)**

အအေးလွန်ကဲသော ရာသီဥတုအတွင်း မောင်းနှင်ပျံသန်းနိုင်သည့် ရဟတ်ယာဉ် တရုတ်ထုတ်လုပ်

တီယန်ကျင်း ဖေဖော်ဝါရီ ၁၃

အလွန်အေးမြသော ရာသီဥတုတွင် မောင်းနှင်ပျံသန်းနိုင်သော မြို့ပြလေကြောင်းသုံး ရဟတ်ယာဉ်အမျိုးအစားတစ်စင်းကို တောင်ဝင်ရိုးစွန်းဒေသရှိ အပူချိန်ကျဆင်းနေသောဝေဟင်၌ ပထမဆုံး စမ်းသပ်ပျံသန်းနိုင်ခဲ့ကြောင်း တရုတ်ရဟတ်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီမှ ဖေဖော်ဝါရီ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

စမ်းသပ်ပျံသန်း

အေစီ ၃၁၃ ဟုအမည်ပေးထားသော ၎င်းရဟတ်ယာဉ်သည် အလေးချိန် ၁၃ တန်ရှိပြီး ပြီးခဲ့သည့် ဇန်နဝါရီလက တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟူလန်ဘူရီရာမြို့ ဝေဟင်၌ အပူချိန်အနုတ် ၄၆ ဒီဂရီဆဲလ်စီးရပ်စ်ရှိသည့် ရာသီဥတုတွင် စမ်းသပ်ပျံသန်းခဲ့ပြီး ဖြစ်သည်။

အေစီ ၃၁၃ ရဟတ်ယာဉ်သည် တောင်ဝင်ရိုးစွန်းဒေသရှိ အလွန်အေးမြသော ရာသီဥတုတွင် တစ်နာရီ ၃၃၆ ကီလိုမီတာနှုန်းဖြင့် မောင်းနှင်ပျံသန်းနိုင်ခဲ့သည်။

အဆိုပါရဟတ်ယာဉ်ကို တရုတ်နိုင်ငံမြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က ပထမဆုံးထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၄၅၀၀ ကျော်လေထုအတွင်း မောင်းနှင်ပျံသန်းနိုင်ကာ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်ရှိ ဓာတ်ငွေ့စက်ရုံတစ်ရုံ အကြမ်းဖက်သမားများ တိုက်ခိုက်

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၃

ပါကစ္စတန်အစိုးရတပ်များနှင့် အကြမ်းဖက်သမားများ ရင်ဆိုင်တိုက်ခိုက်နေသည့် ပါကစ္စတန်နိုင်ငံ ခိုင်ဘာပြည်နယ်ရှိ ဓာတ်ငွေ့စက်ရုံတစ်ရုံကို အကြမ်းဖက်သမားများက တိုက်ခိုက်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၃ ရက်က အင်တာနက်တွင် ဖော်ပြသည်။ **(ဝဲပုံ)**

ပစ်ခတ်ခဲ့

အစ္စလမ္မာဘတ်မြို့တော် အနောက်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာ တည်ရှိသည့် ကာရက်မြို့ရှိ အဆိုပါစက်ရုံကို ဖေဖော်ဝါရီ ၁၁ ရက် ညနေက အကြမ်းဖက်သမားများသည် ဒုံးပစ်လောင်ချာများ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

စက်ရုံအတိုက်ခံရသဖြင့် စက်ရုံလုံခြုံရေးအစောင့်များနှင့် အကြမ်းဖက်သမားတို့ အပြန်အလှန်ပစ်ခတ်ကြကြောင်း သတင်းတွင်ဖော်ပြပါရှိသည်။ စက်ရုံဝင်းအတွင်း ရပ်ထားသည့် လောင်စာဆီတင်မော်တော်ယာဉ်တစ်စီးမှာလည်း ထိမှန်မီးလောင်ပျက်စီးသွားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ ၁၃-၂-၂၀၁၂

➤ တင်မောင်လွင် – စုစည်းသည် ➤

ဆီးရီးယား၌ ပြန်ပေးဆွဲခံထားရသည့် အီရန်တို့ လွတ်မြောက်လာ

ဆီးရီးယားနိုင်ငံ ဟွန်းစ်မြို့တွင် ပြီးခဲ့သည့် ဒီဇင်ဘာလက အကြမ်းဖက်သမားများပြန်ပေးဆွဲခံခဲ့ရသည့် အီရန်အင်ဂျင်နီယာပညာရှင်ခုနစ်ဦးပြန်လည်လွတ်မြောက်လာကြောင်း ဒေသတွင်းပရက်စ်တီဗွီသတင်းတွင် ဖေဖော်ဝါရီ ၁၁ ရက်က ဖော်ပြသည်။ အဆိုပါအင်ဂျင်နီယာပညာရှင်ခုနစ်ဦးသည် ဖေဖော်ဝါရီ ၁၀ ရက်က ပြန်လည်လွတ်မြောက်လာခြင်းဖြစ်ကြောင်း၊ သတင်းအရင်းအမြစ်တစ်ခု၏ပေးပို့မှုကို အီရန်စွမ်းအင်ဝန်ကြီးဌာနမှ အတည်ပြုလိုက်ခြင်းဖြစ်ကြောင်း သတင်းတွင် ထပ်မံဖော်ပြသည်။ အဆိုပါလွတ်မြောက်အီရန်နိုင်ငံသားခုနစ်ဦးမှ ငါးဦးမှာ အမည်မသိလက်နက်ကိုင်များက ၎င်းတို့၏နည်းလမ်းဖြင့် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၀ ရက်တွင် ဟွန်းစ်မြို့၌ ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်သည်။ အခြားနှစ်ဦးမှာ ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များပျောက်ဆုံးမှုကို လိုက်လံရှာဖွေရာမှ ယင်းနေ့နှောင်းပိုင်းတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ အဆိုပါ နည်းပညာရှင်များသည် ဟွန်းစ်မြို့တွင် ပြီးခဲ့သည့်နှစ်နှစ်က ဂျန်ဒါးလျှပ်စစ်ဓာတ်အားစက်ရုံ တည်ဆောက်ရန်အတွက် ရောက်လာကြသူများဖြစ်သည်။

တရုတ်အရှေ့ပိုင်းရှိ သင်္ဘောကျင်း၌ ပေါက်ကွဲမှုဖြစ်ပွား

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန့်စုပြည်နယ်တွင် ဖေဖော်ဝါရီ ၁၂ ရက်က သင်္ဘောကျင်းတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လူသုံးဦးသေဆုံးကာ အခြား ၁၂ ဦး ဒဏ်ရာရရှိပြီး တစ်ဦးမှာဒဏ်ရာပြင်းထန်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုသည် ကျန့်စုပြည်နယ် နန်ကျင်းမြို့ ဝီကျီစူသင်္ဘောကျင်းရှိ သင်္ဘောဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၏ သင်္ဘောတစ်စင်းပေါ်တွင် ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းပေါက်ကွဲမှုသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုအတွင်းရှိ မီးလောင်လွယ်သည့် ဓာတ်ငွေ့ပိုက်လိုင်းတစ်ခုမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကောင်းကင်တစ်ခုလုံး မီးတောက်များ ထွက်ပေါ်ခဲ့ကြောင်း စောင့်ကြည့်နေသည့် အလုပ်သမား၏ပြောကြားချက်အရ သိရသည်။ ဒဏ်ရာရရှိသည့် အလုပ်သမားများအား ဒေသအတွင်း ဆေးရုံတစ်ခုသို့ပို့ပေးထားကြောင်း၊ ဖြစ်ပွားရသည့်အကြောင်းအရင်းကို စစ်ဆေးလျက်ရှိကြောင်း သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

အာဖဂန်နစ္စတန်ရှိ တရားသူကြီးတစ်ဦး ပစ်သတ်ခံရ

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နိုင်ဂါဟာပြည်နယ်တွင် ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းက အမည်မသိလက်နက်ကိုင်များ၏ ပစ်ခတ်တိုက်ခိုက်မှုတစ်ခုတွင် တရားသူကြီးတစ်ဦးသေဆုံးပြီး ၎င်း၏မိသားစုဝင်လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယင်းပြည်နယ်ရှိ ခရိုင်အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

ဖြစ်ပွားမှုမှာ ယင်းနေ့ညပိုင်းက ခုန်ယန်နီခရိုင်တွင် မိုဟာမတ်ဘာဆာ အမည်ရှိတရားသူကြီးတစ်ဦး၏ နေအိမ်အတွင်းသို့ အမည်မသိလက်နက်ကိုင်များ ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းလက်နက်ကိုင်များပစ်ခတ်မှုကြောင့် တရားသူကြီး ဘာဆာမှာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးပြီး ၎င်း၏မိသားစုဝင်လေးဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း ခုန်ယန်နီခရိုင်အရာရှိတစ်ဦးဖြစ်သည့် မိုဟာမက်ဟတ်စန်က ပြောကြားသည်။ သေဆုံးသူ ဘာဆာမှာ ခူနာပြည်နယ်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်ပြီး ၎င်း၏မိသားစုဝင်များနှင့်အတူ ခုန်ယန်နီခရိုင်သို့ အလည်သွားရောက်စဉ် ယင်းသို့ လုပ်ကြံခံခဲ့ရခြင်းဖြစ်ကြောင်း၊ အဆိုပါတိုက်ခိုက်ရေးသမားများမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***(အင်တာနက်)***

ဘဝအမောပြေ

သြော် --- ဒီလိုလား

မိတ်ဆွေနှစ်ဦး လမ်းမှာဆုံရင်း စကားပြောကြလေသည်။

ပထမလူ - ခင်ဗျားကိုတွေ့တုန်း သတိပေးရဦးမယ်။

ဒုတိယလူ - ဘာများလဲ။

ပထမလူ - စေတနာစကားဆိုတာတော့ နားလည်ပေးပါ။

ဒုတိယလူ - ရပါတယ်ဗျာ။ ရင်းနှီးတဲ့မိတ်ဆွေတွေပဲ။

ပထမလူ - ခင်ဗျားအမျိုးသမီးကို လွတ်လပ်ခွင့် ပေးလွန်းတယ်ဗျာ။

ဒုတိယလူ - ဘာဖြစ်လို့လဲ. . သူ စိတ်တိုင်းကျဖြစ်အောင်လို့ပါ။

ပထမလူ - ဒါပေမယ့်..သိပ်ပြီး လွတ်လပ်ခွင့်ပေးရင် သူများနောက် ပါသွားမယ်နော်။

ဒုတိယလူ - အဲဒီလိုအဖြစ်မျိုး စောင့်နေတာ သုံးနှစ်ရှိပါပြီ။

ပထမလူ - "ဗျာ"

ဖိလစ်ပိုင်တောင်ပိုင်း၌ ရေကြီးမှုဖြစ်ပွား

မနီလာ ဖေဖော်ဝါရီ ၁၃

မချို–ရေးသားသည်

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မြေနိမ့်ဒေသများတွင် ဖေဖော်ဝါရီ ၁၂ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွားကာ ဒေသတွင်းနေထိုင်သူ မိသားစုရာပေါင်းများစွာကို ပြောင်းရွှေ့ပေးခဲ့ရကြောင်း အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။

မီဆာမစ်စ်အော်ရီရင်တယ်ပြည်နယ် ဂန်ဂူးမြို့အနီး ရွာသုံးရွာတွင် ဖေဖော်ဝါရီ၁၂ရက် နံနက်၂နာရီဝန်းကျင်က ရေကြီးမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း၊ နေအိမ်ပေါင်း ၁၄၉လုံး ရေနစ်မြုပ်ခဲ့ပြီး လူဦးရေ စုစုပေါင်း ၆၉၉ ဦးကို ရေဘေးမှ ကင်းလွတ်ရာ ဘုရား ကျောင်းနှင့်ကုန်းမြင့်ရှိရာအရပ်သို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှု ကောင်စီက ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

နိုင်ငံတကာဂီတမြင်ကွင်းကျယ် နိုင်ငံတကာဂီတမြင်ကွင်းကျယ် နိုင်ငံတကာဂီတမြင်ကွင်းကျယ် နိုင်ငံတကာဂီတမြင်ကွင်းကျယ်

ကမ္ဘာကျော် ဂရမ်မီတေးဂီတဆုပေးပွဲ အဆိုတော် အဒေလီ ဆုခြောက်ဆုဆွတ်ခူး

မြင့်မောင်စိုး–ရေးသားသည်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၃

ကမ္ဘာမှာ လူသိများ ကျော်ကြားတဲ့ (၅၄) ကြိမ်မြောက် ဂရမ်မီ (Grammy) တေးဂီတဆုပေးပွဲကြီးကို ဖေဖော်ဝါရီ ၁၂ ရက်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှာ ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ပါတယ်။

ဒီဂရမ်မီဆုပေးပွဲမှာ ဗြိတိသျှနာမည်ကြီး အဆိုတော် အဒေလီ (Adele) ဟာ တစ်နှစ်တာ အကောင်းဆုံး တေးအယ်လ်ဘမ်ဆု (Album of the Year) အပါအဝင် ဆုခြောက်ဆုဆွတ်ခူးရရှိသွားခဲ့ပါတယ်။ အသက် ၂၃ နှစ်သာ ရှိသေးတဲ့ ကမ္ဘာကျော်အဆိုတော် အဒေလီဟာ 21 လို့အမည်ရတဲ့တေးအယ်လ်ဘမ်နဲ့တစ်နှစ်တာအကောင်းဆုံးအယ်လ်ဘမ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ ၂၀၁၁ ခုနှစ်ရဲ့ ရောင်းအား အကောင်းဆုံးတေးအယ်လ်ဘမ်ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံတစ်နိုင်ငံတည်းမှာပဲ ဒီတေးအယ်လ်ဘမ်ဟာ အချပ်ပေါင်း ခြောက်သန်း ကျော်ရောင်းချခဲ့ရတာပါ။ အဆိုတော်အဒေလီဟာတစ်နှစ်တာ အကောင်းဆုံးအသံသွင်းဆု(Record of Year)ဆုကိုတော့ Rolling in the Deep လို့အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ ဆွတ်ခူးရရှိသွားခဲ့ပါတယ်။သူမဟာဒီတေးအယ်လ်ဘမ်နဲ့ပဲ အကောင်းဆုံးသီချင်းဆု (Song of the Year) ဆွတ်ခူးရရှိသွားခဲ့ပါတယ်။ သူမဟာ Someone Like You လို့အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ တစ်ကိုယ်တော်ပေါ့ပ်သီချင်း သီဆိုဖျော်ဖြေမှုဆု(Pop Solo Performance) ဆွတ်ခူးသွားခဲ့ပါတယ်။ 21လို့အမည်ရတဲ့ အယ်လ်ဘမ်နဲ့ပဲ ပေါ့ပ်အယ်လ်ဘမ်ဆု(Pop Vocal Album) ဆွတ်ခူးခဲ့ပြန်ပါတယ်။

အဆိုတော် ဂျိုင်းဝီလျံနှင့် ဂျွန်ပေါဝိုက်တို့အား အဖွဲ့လိုက်ကန်းထရီးသီချင်း သီဆိုဖျော်ဖြေမှုဆုနှင့် Folk အယ်လ်ဘမ်ဆုတို့နှင့်အတူ ဆုယူအပြီးတွေ့ရစဉ်။

အဆိုတော်အဒေလီ ဒီလိုဂရမ်မီဆုခြောက်ဆု ဆွတ်ခူးနိုင်ခြင်းဟာ ဂရမ်မီဆုသမိုင်းမှာ အများဆုံးဖြစ်ပါတယ်။လွန်ခဲ့တဲ့နှစ်နှစ်က အဆိုတော်ဘီယွန်ဆေးဟာ ဂရမ်မီဆုခြောက်ဆု ဆွတ်ခူးခဲ့ဖူးပါတယ်။ အဒေလီဟာ ဘီယွန်ဆေး ဆွတ်ခူးနိုင်ခဲ့တဲ့ စံချိန်အတိုင်း ဆွတ်ခူးခဲ့ခြင်းလည်းဖြစ်ပါတယ်။ သူမဟာ တစ်နှစ်တာအကောင်းဆုံး ဗီဒီယိုဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။

ကမ္ဘာကျော်ရော့ခ်ဂီတအဖွဲ့ဖြစ်တဲ့ ဖူးဖိုက်တာ (Foo Fighters)ကတော့ ဂရမ်မီဆု ဒုတိယအများဆုံး ငါးဆု ဆွတ်ခူးသွားခဲ့ပါတယ်။ ဒီအဖွဲ့ဟာ အကောင်းဆုံး ရော့ခ်သီချင်းဆုကို Walk သီချင်းနဲ့ဆွတ်ခူးသွားခဲ့ပါတယ်။ ဒီအဖွဲ့ကပဲ Wasting Light လို့ အမည်ရတဲ့ အယ်လ်ဘမ်နဲ့ အကောင်းဆုံး ရော့ခ်အယ်လ်ဘမ်ဆု ဆွတ်ခူးခဲ့ပါတယ်။

အဆိုတော်အဒေလီအား ဂရမ်မီဆုများနှင့်အတူတွေ့ရစဉ်။

Walk အယ်လ်ဘမ်နဲ့ပဲအကောင်းဆုံး သီဆိုဖျော်ဖြေမှုဆု ဆွတ်ခူးနိုင်ခဲ့ပါသေးတယ်။

အကောင်းဆုံး R & B အယ်လ်ဘမ်ဆုကိုတော့ အဆိုတော် ခရစ်ဘရောင်းက F.A.M.E အယ်လ်ဘမ်နဲ့ ဆွတ်ခူးခဲ့ပါတယ်။ အကောင်းဆုံး R & B သီချင်းဆုကိုတော့ စီလိုဂရင်းနဲ့အဖွဲ့က Fool For You လို့အမည်ရတဲ့ အယ်လ်ဘမ်နဲ့ဆွတ်ခူးသွားခဲ့ပါတယ်။ အဆိုတော် ကန်ရီဝက်စ်ကတော့ My Beautiful Dark လို့ အမည်ရတဲ့ အယ်လ်ဘမ်နဲ့ရက်ပ်အယ်လ်ဘမ်ဆု ဆွတ်ခူးခဲ့ပါတယ်။ အဆိုတော် ဂျေးဇက်နဲ့ ကန်ရီဝက်စ်တို့ဟာ Otis လို့ အမည်ရတဲ့ အယ်လ်ဘမ်နဲ့ အကောင်းဆုံး ရက်ပ်သီချင်း ဖျော်ဖြေမှုဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ကန်းထရီးအဆိုတော် တေလာဆွစ်က Mean လို့အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ ကန်းထရီးသီချင်းတစ်ကိုယ်တော် သီဆိုဖျော်ဖြေမှုဆုနဲ့ ကန်းထရီးသီချင်းအကောင်းဆုံးဆုဆွတ်ခူးခဲ့ပါတယ်။သူမဟာ ဒီအယ်လ်ဘမ်နဲ့ ကန်ထရီးအယ်လ်ဘမ်ဆု ဆွတ်ခူးဖို့ မျှော်လင့်ခဲ့ပေမယ့် လေဒီအန်တေဘယ်လ်အဖွဲ့က Own the Night အယ်လ်ဘမ်နဲ့ဆွတ်ခူးသွားခဲ့ပါတယ်။ **(အင်တာနက်)**

မြင့်မြတ်သောဂုဏ်ရှင်များ

အေးမြင့်ကြူ (စစ်တက္ကသိုလ်)

၂၀၁၂ ခုနှစ်ထဲရောက်လာပြီး ဖေဖော်ဝါရီလပင် ကူးလာခဲ့ပြီ။ ၁၁-၁၂-၂၀၁၃ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး နီးသထက်နီးလာသည်ကို စိတ်ဝင်စားသူတိုင်း သိရှိပြီး စိတ်ပူပန်မှုတွေပြစပြုလာသည်။ အိမ်ရှင်အဖြစ် အောင်မြင်စွာ ဆောင်ရွက်ရန် လွယ်လွယ်ပြော၍ မရသည့်လုပ်ငန်းတာဝန်ပင်ဖြစ်လာသည်။ တိုင်းပြည်နှင့်ယှဉ်၍၊ ပြည်သူနှင့်ယှဉ်၍၊ အမျိုးသားရေးနှင့်ယှဉ်၍ လုပ်ရမည့်တာဝန်ကြီးဖြစ်သည့် အားလျော်စွာ အလေးထားပြင်ဆင်ကြရပေမည်။

ကျွန်တော်တို့ ထမ်းဆောင်ရမည်မှာ ရည်မှန်းချက်တာဝန်(၂)ရပ်ဖြစ်သည့်-

(က) ပြိုင်ပွဲကြီးကို အခြားအာဆီယံနိုင်ငံများတွင်ကျင်းပသော ပြိုင်ပွဲများထက် အရည်အသွေး မနိမ့်ကျရေး။

(ခ) ပြိုင်ပွဲကြီးတွင် မြန်မာအသင်း အိမ်ရှင်ပီပီ ဆုတံဆိပ်များများရပြီး အနှစ်(၂၀)ကျော်မျှ ရပ်တည်လာခဲ့ရသော Position (၇)၊ (၈)မှ အထက် ရရှိအောင်မြင်ရေး၊ ဖြစ်နိုင်လျှင် ပထမ၊ ဒုတိယ၊ တတိယ ရရှိရေး။

ဤသို့သော ရည်မှန်းချက်တာဝန်(၂)ရပ်ကို အောင်မြင်ရေးပြင်ဆင်နေရာတွင် စိတ်ဝင်စားကြသော စေတနာရှင်နိုင်ငံသားတိုင်းက ရည်မှန်းချက်(က)က ပိုအရေးကြီးတယ်။ ရည်မှန်းချက်(ခ)က ပိုအရေးကြီးတယ်ဟု သုံးသပ်ကြပါသည်။ အမှန်တော့ နိုင်ငံသားအားလုံးသည် သုဝဏ္ဏသာမဇာတ်တော်လာ မျက်မမြင်မိဘနှစ်ပါးကဲ့သို့ သားရွှေအိုးထမ်းလာတာမြင်ချင်နေကြသည်ဆိုတာ ကျွန်တော်တို့နားလည်ပါသည်။ သို့ဖြစ်၍ ရည်မှန်းချက်နှစ်ခုလုံးအောင်မြင်အောင် ဆောင်ရွက်နေပါသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကျွန်တော်တို့မြန်မာနိုင်ငံ အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းမပြုနိုင်ခဲ့သည်မှာ (၄၄)နှစ်ရှိပြီ။ အလှည့်အားဖြင့်ဆိုလျှင် (၂)လှည့် ကျော်သွားခဲ့ပြီဖြစ်ပါသည်။ အာဆီယံ ၁၀ နိုင်ငံဖြစ်၍ နှစ်နှစ်တစ်ကြိမ် အလှည့်ကျ ဆိုလျှင် ကျွန်တော်တို့သည် ၁၉၆၉ ခုနှစ် (၅)ကြိမ်မြောက် ကျွန်းဆွယ်အားကစား ပြိုင်ပွဲအပြီး (၁၅)ကြိမ်မြောက်ကို ၁၉၈၉ ခုနှစ်တွင် လည်းကောင်း၊ (၂၅) ကြိမ်မြောက် ကို ၂၀၀၉ ခုနှစ်တွင်လည်းကောင်း ကျင်းပခွင့်ရှိသည်။ သို့သော် အိမ်ရှင်အဖြစ် လက်ခံမကျင်းပနိုင်သည့် အကြောင်းအရပ်ရပ်တွင် အဓိကအကျဆုံးဖြစ်သော အကြောင်းအချက်မှာ ပြည်တွင်း၊ ပြည်ပသုံးငွေ မြောက်မြားစွာ အကုန်အကျခံနိုင် သော အားမရှိ၍ ဖြစ်ပါသည်။ အိမ်ရှင်ဖြစ်လျှင် အနိုင်ရဖို့များသောဂုဏ်ထက် တိုင်းပြည်ဘဏ္ဍာခြိုးခြံမှုက ရှေ့တန်းထားနေရသည်။ နိုင်ငံရေးကိစ္စကြောင့်ဆိုသည်မှာ သာမန်သာဖြစ်ပါသည်။

ယခု ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပါတော့မည်။ ဂုဏ်ယူသည့် ရှုထောင့်မှကြည့်ပါလျှင် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်ခုအနေနှင့် အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပသင့်သည်မှာ ကြာပြီဟု ပြောကြလေ့ရှိပါသည်။ ယင်းနောက်တွင်မှ အိမ်ရှင်ဆိုရင် နိုင်မှာလား၊ နိုင်ပါ့မလား ဆိုသော သံသယမေးခွန်းများက ဆက်လာသည်။ “မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည်” ဟု အားပေးဆောင်ပုဒ်ထားသော်လည်း အားကစားစံချိန်များနှင့် အဆင့်အတန်းကို သိထားသော ကြီးကြီး၊ ရွယ်ရွယ်၊ ငယ်ငယ်ပုဂ္ဂိုလ်များက ယုံကြည်မှု မဝံ့မရဲသာရှိသည်။ ရိုးရာဖြစ်သော ခြင်းလုံးကိုထည့်လျှင်၊ ခြေထောက်လှေလှော် ကိုထည့်လျှင်၊ ရိုးရာလက်ဝှေ့ကိုထည့်လျှင်၊ ထုပ်ဆီးတိုးတမ်းထည့်လျှင် စသည်ဖြင့် ရွှေတံဆိပ်အရေအတွက် ထပ်တက်လာမှာပေါ့ဆိုသူကလည်း ရှိသေးသည်။ နိုင်ငံ ဂုဏ်မြှင့်လိုသူ အားကစားဝါသနာရှင်များ၏ “The will to win” စိတ်ဓာတ်သည် အမှန်ပင်ချစ်စရာကောင်းပါသည်။ ယခုအခါ ဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ် များက အောင်ပွဲဆင်ရန် ပြင်ဆင်နေကြပါပြီဟု ပြောလိုပါသည်။

လက်ရှိအားကစားဝန်ကြီးဌာနက ဆောင်ရွက်နေသော စနစ်သည် ၂၀၀၁ ခုနှစ် 21st SEA Games မလေးရှားက ပြန်လာပြီးသည်ကစ၍ အစိုးရဌာနများက တာဝန်ခံဆောင်ရွက်ခဲ့သော အားကစားအဖွဲ့ချုပ်များစနစ်မှ ပုဂ္ဂလိကလုပ်ငန်းရှင် များက ဥက္ကဌအဖြစ် တာဝန်ခံဆောင်ရွက်သော အားကစားအဖွဲ့ချုပ်စနစ်ကို ပြောင်းလဲလာခဲ့သည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များဆိုတော့ ဘဏ္ဍာငွေသုံးစွဲမှုတွင် လုပ်ထုံး၊ စည်းမျဉ်းပိုမို လွတ်လပ်၍ စီမံခန့်ခွဲမှုလည်း ပိုမိုလျင်မြန်သည်။ အားကစားသမားတစ်ဖွဲ့ကို ပြည်ပ သို့ လေ့ကျင့်ရေး၊ ယှဉ်ပြိုင်ရေးစေလွှတ်မည်ဆိုလျှင် ဆုံးဖြတ်ချက်လွတ်လပ်စွာ ချနိုင်သည်။ ငွေသုံးစွဲမည်ဆိုလျှင်လည်း BOD တွင် သို့မဟုတ် တစ်ဦးတည်းက ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။ အားကစားဝန်ကြီးဌာနကသာ စီမံဆောင်ရွက်မည် ဆိုလျှင် ယင်းသို့ လျင်မြန်မည်မဟုတ်။ ငွေအသုံးသည်လည်း နိုင်ငံဘဏ္ဍာငွေကသာ လုံးဝဥဿုံသုံးရမည်ဖြစ်ရာ ထိရောက်စွာစီမံနိုင်မည် မဟုတ်တော့ပါ။ ယနေ့ အားကစားပြိုင်ပွဲများကို လူ့စွမ်းရည်များနှင့်သာ မလုံလောက်တော့ဘဲ ငွေကြေးစနေ စွမ်းရည်ပါ ယှဉ်ပြိုင်နိုင်မှ အနိုင်ရသည်ဟု ပြောစမှတ်ပြုလာကြသည်။ အားကစား သမားများ စုဆောင်းခြင်း၊ လေ့ကျင့်ခြင်း၊ သင်ကြားခြင်း၊ နည်းပြငှားခြင်း၊ အားကစား ပစ္စည်းများ အစဉ်အမြဲ အသင့်ဖြစ်အောင် ဖြည့်တင်းပေးရခြင်း၊ အစာအာဟာရ ဖြစ်အောင် ကျွေးမွေးပေးရခြင်း၊ ဆေးကုသမှုစီစဉ်ရခြင်း၊ အားကစားသမားသက်သာ ချောင်ချိရေးဆောင်ရွက်ပေးရခြင်း၊ လစဉ်ဝင်ငွေပေးသည်အထိ စီစဉ်ရခြင်း (များသောအားဖြင့် မပေးနိုင်ပါ)၊ ပြည်တွင်းယှဉ်ပြိုင်စရိတ်များသုံးရခြင်း၊ နိုင်ငံခြား ပွဲများစေလွှတ်ရခြင်း၊ အနိုင်အရှုံးများအတွက် ဆုကြေးနှင့် နှစ်သိမ့်ကြေးများ ချီးမြှင့်ရခြင်း၊ မိသားစုအရေးပါ ဖြည့်တင်းဖြေရှင်းပေးရခြင်း . . . . စသည် စသည် များကို သုံးစွဲရပါသည်။ ယင်းသို့ သုံးငွေထက်ပိုသော၊ မကသောအားကစား ကွင်း/အားကစားရုံကိစ္စများတွင်ပါ သုံးစွဲဖြည့်တင်းရမည်ဆိုပါလျှင် အားကစားဖွံ့ဖြိုး တိုးတက်အောင် ဘဏ္ဍာငွေ မည်မျှလိုအပ်မည်ဆိုသည်ကို စဉ်းစားရုံနှင့်ပင် ကြောက် စရာကောင်းနေပါသည်။

ပြီးခဲ့သောနှစ်က အားကစားဝန်ကြီးဌာနသည် နိုင်ငံတော်ဘဏ္ဍာငွေ ဘီလီယံ ကျပ်နှင့်ချီ၍ သုံးရသည်။ ကွင်းရုံများ ပြုပြင်ထိန်းသိမ်းခြင်းက ရာခိုင်နှုန်းအတော် များသည်။ ဒါလည်းမလောက်ပါ။ အဖွဲ့ချုပ်တွင် လေ့ကျင့်ပေးထားသော အားကစား သမားများအတွက် စရိတ်ကို အစိုးရနှင့်ပုဂ္ဂလိက တစ်ဝက်စီကျခံကြသည်။ အဖွဲ့ချုပ် တစ်ခုလျှင် အားကစားလေ့ကျင့်ယှဉ်ပြိုင်မှုအတွက် ယမန်နှစ်က သုံးခဲ့ရသည်မှာ ကျပ်သိန်း သုံးထောင်နှင့်အထက် ရှိကြသည်။ (MNL အသင်းများ မပါဝင်ပါ။ ၎င်းတို့ က ပိုများပါသည်။)ရွက်လှေကဲ့သို့အသင်းများ(ပြည်ပစေလွှတ်မည်ဆိုလျှင်)၊ လှေလှော် ကဲ့သို့အသင်းကြီးများ(အားကစားသမားရာကျော်ရှိသည်။)လက်ဝှေ့ကဲ့သို့ အသင်း များ၊ မြားပစ်ကဲ့သို့အသင်းများအလွန်သုံးရပါသည်။ မည်ရွေ့မည်မျှကုန်သည်ကို မေးပြီးဖော်ပြလျှင် ဖြစ်ပါသော်လည်း ကိန်းဂဏန်းနှင့် မတင်ပြလိုတော့ပါ။ ဒါတောင် မှ အဖွဲ့ချုပ်အသီးသီးတွင် စခန်းဝင်အားကစားသမားတစ်ဦးအတွက် တစ်နေ့ စားစရိတ်သည် ငွေကျပ် ၄၀၀၀ နှုန်းသာရှိသည်။

နိုင်ငံတော်အစိုးရဝန်ကြီးဌာနများသည် လက်ရှိတည်ဆဲ လုပ်ထုံးလုပ်နည်းစနစ် များအရ ပြည်ပသွားလာရေးကိစ္စများတွင် နိုင်ငံခြားရေးရာမူဝါဒကောင်စီသို့ တင်ပြ ၍ မူအားဖြင့် တောင်းခံခွင့်ပြုချက် ယူရပါသည်။ အဓိကမှာ နိုင်ငံခြားငွေသုံးစွဲမှုကို ထိန်းညှိပေးခြင်းဖြစ်ပါသည်။ အားကစားကိစ္စအတွက် နိုင်ငံခြားသား နည်းပြငှားရမ်းမှု အတွက်လည်း ခွင့်ပြုချက်ရယူရပါသည်။ ပြည်ပနည်းပြတစ်ဦး၏ လစာသည် တစ်လ လျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ မှ ၅၀၀၀ အထိ ရှိသည်။ ယင်းကို အစိုးရနှင့် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်တို့ တစ်ဝက်စီကျခံလေ့ရှိသည်။ တစ်ခါတစ်ရံ အစိုးရက ငွေကြေးအထည့်အဝင် လျော့သည့်အခါ ၆၀ ရာခိုင်နှုန်းလောက်ကို အားကစားအဖွဲ့ချုပ်က ကျခံသည်လည်းရှိသည်။ တစ်ဖက်က ပွဲစားနှင့် နည်းပြဆရာ နှင့် စကားပြောပြီးပြီဖြစ်၍ နိုင်ငံမျက်နှာထောက်ထား၍ ငွေကြေးကိစ္စလောက်နှင့် အားကစားအဖွဲ့ချုပ်က နောက်မဆုတ်လိုကြတော့ပါ။ အဆိုပါနည်းပြအတွက် သွားလာရန် မော်တော်ယာဉ်၊ နေထိုင်ရန်ဟိုတယ်၊ စားသောက်ရန်နှင့် ဆေးကုသ ရန်စရိတ်၊ ခွင့်သွားပြန်မှုအခွင့်အရေး စသည်များကိုလည်း စာချုပ်တွင်ပါသလို တာဝန်ယူပေးရသည်။ နိုင်ငံခြားနည်းပြကလည်း အရေးပေါ်လေ့ကျင့်ဖော်သာသာ ငှားရတာရှိသလို နည်းစနစ်နှင့် လေ့ကျင့်မှုကောင်း၍ နှစ်လုံးပေါက်ယူရတာရှိသည်။ တစ်ခါတစ်ရံ အချို့အားကစားနည်းများတွင် ဟိုဘက်က သက်ဆိုင်ရာအားကစား အဖွဲ့ချုပ်နှင့် ရင်းနှီးမှုရှိတန်ကောင်းရဲ့ဟု အားကိုးရတာလည်းရှိသည်။

အားကစားအဖွဲ့ချုပ်ဥက္ကဌများတွင် အချို့က အင်အားကြီးလုပ်ငန်းရှင်များ ဖြစ်ပြီး အချို့က အလယ်အလတ်သာရှိပါသည်။ ဘာပဲဖြစ်စေ သူတို့အားလုံးသည် တိုင်းပြည်၏ အားကစားဖွံ့ဖြိုးဖို့အတွက် ကိုယ်ကျိုးဘာမျှမရနိုင်သော ငွေကြေးသုံးစွဲမှု ကြီးကို ပြုလုပ်ပေးကြပါသည်။ အချို့ဆိုလျှင် အဖွဲ့ချုပ်တာဝန်အပ်စဉ်က ငြင်းဆိုလို သော်လည်း လုပ်ရပြီဆိုသည့်အခါ ငါ့နိုင်ငံဂုဏ်အတွက်ပဲလေဆိုပြီး စေတနာနှင့် ဖွဲ့ပေါင်းစပ်ကာ နောင်တော့ ဝါသနာဖြစ်သွားသည်။

ယခုနှစ် 26th SEA Games Indonesia က ပြန်လာပြီးနောက် အဖွဲ့ချုပ် ရာထူး ပြန်အပ်လိုသူပုဂ္ဂိုလ်အချို့ ရှိလာသည်။ တချို့လည်း 27th SEA Games Myanmar တွင် အိမ်ရှင်အဖြစ် ပြိုင်ပွဲဝင်ရာတွင် အရက်ရက်အလလ အားပေးသုံးစွဲ ခွန်အားထည့်ခဲ့ရသလောက် ရွှေလေး၊ ငွေလေးမရသည့်အခါ ငါ့တာဝန်ကြောင့်များ နိုင်ငံဂုဏ် ထိခိုက်မလားဆိုပြီး တာဝန်ပြန်အပ်ချင်သည်။ အားကစားသမားတို့ ယှဉ်ပြိုင်မှုအကြား စံချိန်ကွာခြားမှုကို တွေ့သည့်အခါ (ဥပမာ-ပြေးခုန်ပစ်၊ ရေကူး၊ သေနတ်ပစ်၊ အလေးမ၊ တင်းနစ်၊ စက်ဘီး၊ ဂေါက်သီး စသည်တို့) ယင်းကွာခြားနေ သော စံချိန်ကို ဘယ်လိုဆွဲကပ်၊ ကျော်တက်ရမလဲဆိုတာ စဉ်းစားလာကြသည်။ အိမ်ရှင်၊ အိမ်ရှင်ဆိုတိုင်း ပြီးသည့်ကိစ္စမဟုတ်ပါဆိုတာ သိစေရန် အဖွဲ့ချုပ်များ ကိုယ်စား ရေးမိသွားခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် 26th SEA Games ပြန်လည်ရောက်ပြီးသည့်အခါ တကယ် လိုအပ်နေချိန် နိုင်ငံဂုဏ်ကို ကယ်တင်(ဆွဲတင်)ပေးလိုက်သော မြားပစ်က အောင်ငြိမ်း နှင့် အမျိုးသမီးရိုးရာလှေလှော်သမများအကြား ဆောင်းပါးရေး ဂုဏ်ပြုခဲ့ပါသည်။ အဖွဲ့ချုပ်များ၏ အခန်းကဏ္ဍအလွန်အရေးကြီးပါသော်လည်း ဂုဏ်သရေရှိလူကြီး များ၊ လုပ်ငန်းရှင်များဖြစ်၍ ချန်လှပ်ပြီး မြင်သာသည့်အားကစားသမားကို ဂုဏ်ပြု ရခြင်း ဖြစ်သည်။ အမှန်တော့ အားကစားစစ်မြေပြင်အသီးသီး၌ နောက်ကွယ်က ခွန်အား အပြင်းထန်ဆုံး တိုက်ပွဲဝင်ပေးသောသူများမှာ အားကစားအဖွဲ့ချုပ်များသာ ဖြစ်ပါသည်။ ကျွန်တော်တို့က အိမ်ရှင်အဖြစ် ကျင်းပရသောအခါ အဖွဲ့ချုပ်ဥက္ကဌများ သည် ပြိုင်ပွဲအောင်နိုင်ရေးသာမက အောင်မြင်စွာ ကျင်းပရေးကိုပါ အားကစား အဖွဲ့ချုပ်အသီးသီး၏ ညှိသည်၊ အာဆီယံနိုင်ငံအသီးသီးမှ အားကစားအဖွဲ့ချုပ် ဝင်များ၊ ဒိုင်များ၊ ဂျူရီများကို ညှိဝတ်ကျေရဦးမှာ ဖြစ်သည်။

ကျွန်တော်အစတွင် ဖော်ပြခဲ့သော ရည်မှန်းချက်တာဝန်(၂)ရပ်အတွက် ဘယ်ဟာ အဓိကလဲဆိုပါလျှင် နှစ်ခုလုံးသည် တစ်ခုတည်းသာရှိပါသည်ဟု ဆိုချင်ပါ သည်။ ၎င်းမှာ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်ပါသည်။ ယင်းကို ဖြေရှင်းရာတွင် လုပ်ဆောင်နေသောတာဝန်ခံများ၊ လုပ်ဆောင်ခဲ့ကြရသော တာဝန်ခံများ၊ စနစ်များ ကို အပြစ်တင်ရုံဖြင့်၊ ဝေဖန်ရုံဖြင့် ဂုဏ်သိက္ခာမြင့်လာလိမ့်မည် မဟုတ်ပါ။ အားကစား အဖွဲ့ချုပ်များသည် တိုက်ပွဲတွင် ရင်းနှီးသုံးစွဲမှုများစွာဖြင့် အနစ်နာခံဆောင်ရွက် နေရာတွင်ပင် လက်ပန်းကျချင်ချင် ဖြစ်နေပါသည်။ သူတို့လုပ်ရသည်မှာ ကံ၊ ဉာဏ်၊ ဝီရိယ နည်းပညာကျွမ်းကျင်မှုတို့ ပေါင်းစပ်၍သော်တောင်မှ စိန်ခေါ်မှုတွေကြား ရှင်သန်ရပ်တည်ရသောကိစ္စ ဖြစ်နေပါသည်။ တွေးသလောက် ပြောသလောက်လွယ် သော လုပ်ငန်းတာဝန်မဟုတ်ပါ။ ပြီးခဲ့သော SEA Games မြန်မာနှင့်တီမော ဘောလုံးပွဲတွင် မြန်မာအသင်းနိုင်သော်လည်း တီမောက Half-field ဖိကစားပြီး (မြန်မာကအရန်လူများ သုံးထားတာများပါသည်။) မြန်မာကစားကွက် မငြိမ်၍ “ဘယ်လိုလုပ်နေတာလဲကွာ နိုင်ပါ့မလား”ဆိုသောအမေးတွင် တစ်ယောက်သော သူက “ဒါဆို ကိုယ်တိုင်လုပ်ကြည့်ပါဦး”လို့ ကျွန်တော့်ကို ပြောပါသည်။ မှန်ပါသည်။ သူပြောတာမှန်သည်။ လူ့အခွင့်အရေးအရ ပွဲကြည့်ပရိသတ်တစ်ဦးအနေဖြင့် ပြောခွင့် ဝေဖန်ခွင့်ရှိသည်ဖြစ်စေ သို့မဟုတ် စွမ်းဆောင်ရည်အရ လုပ်တတ်သည်ဟု ယုံကြည် လျှင်ဖြစ်စေ အမှန်အလုပ်လုပ်သည့်အခါ အားကစားအဖွဲ့ချုပ်များကဲ့သို့ လုပ်နိုင် စွမ်းတော့ ရှိချင်မှရှိပါမည်။

ရင်ဆိုင်ရမည့် စိန်ခေါ်မှုများအတွက် ဝါသနာရှင် စေတနာရှင်တို့၏ ခွန်အား များ ပေါင်းစပ်ပေးသင့်သည်။ မည်သို့ပင်ရှိစေ ရည်မှန်းချက်အောင်မြင်ရန် ကျွန်တော် တို့ စွမ်းစွမ်းတမံဆောင်ရွက်ရတော့မည်။ 27th SEA Games ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရသည့်အခါ တစ်ခုတည်းသော ရည်မှန်းချက်မှာ မြန်မာတို့၏ ဂုဏ်သိက္ခာဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားများသည် မြန်မာ့အားကစားမှ တစ်ဆင့် အာဆီယံတစ်ဝန်း မြန်မာဂုဏ်မြှင့်တင်ရန်အလို့ငှာ . . .

- အစိုးရနှင့်လက်တွဲပါ
- အားကစားအဖွဲ့ချုပ်များကို အင်အားဖြည့်ကူညီပါ
- အားကစားသမားများကို အားပေးပါဟု ပြောကြားလိုပါသည်။

နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ခြင်းသည် မြင့်မြတ်သောဂုဏ်ဖြစ်ပါ သည်။ ။

ပြည်ထောင်စုနေ့အခမ်းအနား အမြို့မြို့အနယ်နယ်၌ ကျင်းပ

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် က မြဝတီခရိုင် မြဝတီမြို့နယ် မြစန္ဒီပန်းခြံ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်တင် ဖတ်ကြားစဉ်။ (၀၈၀)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က လမ်းမတော်မြို့နယ် အထက(၁) အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ အလံတိုင် ရင်ပြင်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော် ဖတ်ကြားစဉ်။ (၀၄၅)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ရန်ကင်းမြို့နယ် ပညာရေးကောလိပ် အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ် ရေးမှူး ဦးဝင်းအောင် ဖတ်ကြားစဉ်။ (၀၄၃)



(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အထက(၁)၌ကျင်းပရာ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၃)၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်း ဖတ်ကြားစဉ်။ (ထွေ/အုပ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒသမနေ့ဆက်လက်ကျင်းပ

ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်းနှင့် အဆိုအသစ်(၁)ခု တင်သွင်းခြင်းတို့ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၆၃) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဥပဒေကြမ်းများဆက်လက်ဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၁)ခုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အဆိုအသစ်(၁)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဥပဒေကြမ်းများဆက်လက်ဆွေးနွေးခြင်းကဏ္ဍ၌ နိုင်ငံတော်၏အမျိုးသားစီမံကိန်းဥပဒေကြမ်းများတွင်ပါဝင်သည့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်၊ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးငွေးရယ်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၊ မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဗိုလ်မှူးကြီးငွေးနိုင်နှင့် ဗိုလ်မှူးကြီးတင့်ဆန်း၊ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်(ခ)ခင်မောင်ရည်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ဖတ်ကြားတင်ပြ

ဥပဒေကြမ်းရှင်းလင်းတင်ပြခြင်းကဏ္ဍ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ (က)အရ နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို ပြည်ထောင်စုလွှတ်တော်နာယက က ဖတ်ကြားတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးမြည်မိမ်းက ရှင်းလင်းတင်ပြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ဖေဖော်ဝါရီ ၁၄ ရက် ညနေ နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

အဆိုတင်သွင်း

အဆိုတင်သွင်းခြင်းကဏ္ဍ၌ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သော အမျိုးသားပို့ဆောင်ရေးကွန်ရက်မူဝါဒ (National Transport Nerwork Policy) ချမှတ်ရေးဆွဲဆောင်ရွက်ရန်၊ စီမံကိန်းအသစ်များကို စီးပွားရေးတွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးကျေးဇူး ရှိ/မရှိ၊ ရည်မှန်းချက်များပြည့်မီနိုင်ခြင်း ရှိ၊ မရှိ အသေးစိတ်စစ်ဆေးပြီးမှသာ ရေးဆွဲဆောင်ရွက်ရန်နှင့် စီမံကိန်းများအလိုက် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ခွင့်ပြုသည့်တန်ဖိုးငွေများကို သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူလူထုသို့ချပြအသိပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အားတိုက်တွန်းကြောင်း အဆိုကိုတင်သွင်းသည်။**

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့အစည်းအဝေးအပြီးတွင် အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီ ၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၄-၂-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၅	၁။	တရားတော်
၇း၁၅	၂။	ဓမ္မပူဇာတေး
၇း၂၀	၃။	မျိုးချစ်တပ်မတော်
၈း၀၀	၄။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	၅။	ဇာတ်လမ်းတို

ညပိုင်း

၄း၂၅	၁။	အင်္ဂလိပ်စာသုတ
၄း၅၅	၂။	**၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (ဇီဝဗေဒ)**
၅း၃၀	၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၈၀)
၆း၀၀	၄။	မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀	၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီ ချစ်သူဆီ** (အပိုင်း-၅၁)
၈း၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၇။	နိုင်ငံတကာသတင်း
	၈။	မိုးလေဝသသတင်း
	၉။	ဟာသရုပ်စုံ
	၁၀။	တစ်လအတွင်း အကြိုက်ဆုံး ဗွီစီဒီတေးများ
	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တစ်နေ့သောအခါ** (အပိုင်း-၁၆)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဖတ်ကြား

ဖေဖော်ဝါရီ ၁၂ ရက်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ ပေးပို့သည့် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ဖတ်ကြားစဉ်။
(သတင်းစဉ်)

ဆန်ကော၊ ဖျာ၊ နှီး၊ တောင်း ထုတ်လုပ်မှုလုပ်ငန်းများ ပို့ကုန်အမယ်သစ် ထိုးဖောက်တင်ပို့နိုင်ရန် ဈေးကွက်ရှာဖွေဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဖေဖော်ဝါရီ ၁၀ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် နဂါးပေါ်ရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအဖြစ်ထုတ်လုပ်လျက်ရှိသည့် ဆန်ကော၊ ဖျာ၊ နှီး၊ တောင်း ထုတ်လုပ်မှုလုပ်ငန်းများအား ကြည့်ရှုအားပေး၍ ပြည်ပဈေးကွက်သို့ ပို့ကုန်အမယ်သစ်အဖြစ် ထိုးဖောက်တင်ပို့နိုင်ရန် ဈေးကွက်ရှာဖွေဆောင်ရွက်၍ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဇီးကုန်းကျေးရွာ၊ မင်းကုန်းကျေးရွာ၊ မဲသည်ကျေးရွာ၊ ကျွန်းပင်ကုန်းကျေးရွာ၊ ကိုင်းရိုးကျေးရွာ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အင်းလယ်ကြီးကျေးရွာ၊ ထိန်တောစံပြကျေးရွာ၊ ဇီးပင်သာကျေးရွာ၊ ရဲသွေးကျေးရွာ၊ မိုးကောင်းကျေးရွာ၊ ကြိုးကြာကျေးရွာ၊ ခေါ်သန္တိကျေးရွာ၊ ဒါန်းပင်ကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အဆိုပါကျေးရွာများ၌ပြုလုပ်ခဲ့သည့် အခြေခံလူတန်းစားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး တွေ့ဆုံပွဲအခမ်းအနားများသို့ တက်ရောက်ပြီး တင်ပြချက်များအပေါ် ရှင်းလင်းပြောကြားကာ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ရွှေနဂါး ကုမ္ပဏီနှင့်ကုမ္ပဏီများမှ လှူဒါန်းငွေများနှင့် ရွှေသံလွင်ကုမ္ပဏီက ကျေးရွာများရှိ စာကြည့်တိုက်များ၌ တပ်ဆင်အသုံးပြုရန်လှူဒါန်းသော Sky Net ရုပ်သံဖမ်းစက်တစ်စုံစီ လှူဒါန်းမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၂ ရက် တန့်ဆည်မြို့နယ် အကို့တ္တားကျေးရွာတွင် ဖွင့်လှစ်မည့် မွေးရပ်မြေစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ် ၂၂၈ အုပ်ကို ပေးအပ်လှူဒါန်းခဲ့ပြီး ကျွန်းတောကုန်း-အကို့တ္တား ကျေးရွာချင်းဆက်လမ်းအား ကိုယ့်အားကိုယ်ကိုး ပြုပြင်နေသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံနှုတ်ဆက်ကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ဦးမြင့်ဝေအပါအဝင် ပုဂ္ဂိုလ် ၂၀ ဦးက ပသီအမျိုးသားကွန်ဂရက်ပါတီကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ပထမပိုင်းပွဲချိန်နှင့် ဒုတိယပိုင်းပွဲချိန်များတွင်လည်း ဂိုးမသွင်းနိုင်ခဲ့သည့်အပြင် အချိန်ပိုတွင်လည်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့သဖြင့် ပယ်နယ်တီအဆုံးအဖြတ်ကို ခံယူခဲ့ရသည်။ ပယ်နယ်တီကန်သွင်းရာတွင် အိုင်ဗရီကို့စ်မှ တီအိုတေး၊ ဘိုနေး၊ အမ်ဘာ၊ ဂရာဒယ်၊ ဒရော့ဘာ၊ တီအီနေနှင့် ယာကိုနန်တို့ ကန်သွင်းရာ ဂိုးဝင်ခဲ့သော်လည်း ကိုလိုတိုရေး ကန်သွင်းမှုကို ဇမ်ဘီယာဂိုးသမားကာကွယ်နိုင်ခဲ့သည်။ ထို့အတူ အိုင်ဗရီကို့စ်မှ ဂါဗင်ဟို ပယ်နယ်တီကန်သွင်းမှုလည်း လွဲချော်ခဲ့သဖြင့် ပယ်နယ်တီ ကိုးကြိမ်ကန်သွင်းရာတွင် အိုင်ဗရီကို့စ်တို့ ခုနစ်ဂိုးရရှိခဲ့သည်။

ဆွတ်ခူးရရှိ

ထို့အတူ ဇမ်ဘီယာမှ ကာတန်ဂို၊ မာယူကာ၊ ချန်နာ၊ ဖာတန်ဂို၊ အမ်ဝီးနေ၊ ဆင်ကာလာ၊ လန်ဂူနှင့် ဆန်ဇူတို့ ပယ်နယ်တီကန်သွင်းရာ ဂိုးဝင်ခဲ့သော်လည်း ကာလာဘာ ကန်သွင်းမှုလွဲချော်ခဲ့သဖြင့် ပယ်နယ်တီ ကိုးကြိမ်ကန်သွင်းရာတွင် ရှစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဇမ်ဘီယာတို့က ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ အာဖရိကဖလား ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။
(အင်တာနက်)

ပြည်ထောင်စုနေ့အခမ်းအနား သဃ်န်းကျွန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးဝင်း မြက်ခင်းပြင်၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုကြသည်။ ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။
(စမ်းစမ်းကြည် - သဃ်န်းကျွန်း)

ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်ကကျင်းပရာ အုပ်စု(၄)ဘက်စုံပြိုင်ပွဲ၌ သချ်ာဘာသာ ပထမဆုရရှိသော စတုတ္ထတန်းမှ မဇင်ဇင်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(မြန်မာ့အလင်း)

တစ်ပြည်လုံးသာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် လွိုင်လင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းပကားဖြင့် တည်ဆောက်ခဲ့သည့် ပိုလ်မြတ်ထွန်းတံတား

ပိုလ်မြတ်ထွန်းတံတားအချက်အလက်များ

၁။ ပင်မတံတားအရှည်မှာ ၆၁၆၄ ပေရှိသည်။

၂။ ကြိမ်ပင်ဆည်ဘက် ချဉ်းကပ်တံတားအရှည်ပေ ၁၃၈၀ ရှိပြီး သောင်တန်းဘက်ချဉ်းကပ် တံတားအရှည်ပေ ၁၀၀၀ ရှိသည်။ စုစုပေါင်း တံတားအရှည် ၈၅၄၄ ပေရှိသည်။

၃။ တံတားအမျိုးအစားမှာ သံပေါင်တံတားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်တိုင်ဖြစ်သည်။

၄။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် ခြောက်ပေစီ ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ ၃၆၀၊ အမြင့် ၅၇ပေ ဖြစ်သည်။ ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။

၅။ ပိုလ်မြတ်ထွန်းတံတားကို ၁၅-၆-၁၉၉၆ ရက်နေ့တွင် စတင် တည်ဆောက်ခဲ့ပြီး ၃၀-၁၀-၁၉၉၉ ရက်နေ့တွင် တည် ဆောက်ပြီးစီးခဲ့သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ပိုလ်မြတ်ထွန်းတံတား၏ပင်မတံတားကြီးကား ဤသို့ သပ်ရပ်လှပ ဝင့်ထည်လျက်။

ပိုလ်မြတ်ထွန်းတံတား ရန်ကုန်ဘက်ကမ်း ပင်မတံတားမုခ်ဦး။

ပိုလ်မြတ်ထွန်းတံတားသောင်တုန်းဘက်ကမ်း ချဉ်းကပ်လမ်း အဆင်း မြို့အဝင်လမ်း။

- ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွက် အရေးပါသော တံတားတစ်စင်းဖြစ်သည်။
- အရှေ့ဘက်ကမ်း ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ညောင်တုန်းကျေးရွာမှ ဧရာဝတီမြစ်ကိုဖြတ်၍ အနောက်ဘက်ကမ်း ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကြိမ်ပင်ဆည်ရွာအနီးသို့ ဆက်သွယ်တည်ဆောက်ထားသည်။
- ညောင်တုန်းဆိပ်ကမ်းနှင့် စက္ကော့ဆိပ်ကမ်း၌ ဇက်ရေယာဉ်စောင့်ဆိုင်းနေရသော နိစ္စဓူဝကြုံတွေ့ရင်ဆိုင်ရသည့်ဒုက္ခများမှ ကင်းဝေးပြီး မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူ ကူးသန်းသွားလာနိုင်ပြီဖြစ်သည်။
- ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးသို့ အချိန်တိုအတွင်း သွားရောက်နိုင်ပြီဖြစ်၍ ကုန်စည်စီးဆင်းမှု၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့တွင် တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။



ခံ့ညားထည်ဝါလှပသည့် ပိုလ်မြတ်ထွန်းတံတားကြီး။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သုံးခွမြို့နယ်၌ ကွန်ကရစ်လမ်းနှင့် ခရမ်းမြို့နယ်၌ နှစ်ထပ်ဆေးကုသဆောင်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သုံးခွမြို့နယ် အမှတ်(၁၂)ရပ်ကွက် မဉ္ဇူလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၈နာရီတွင် အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးလှမြင့်၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် လမ်းကော်မတီအဖွဲ့ဝင် ဦးအောင်သန်းတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက လမ်းမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(အပေါ်ပုံ)အဆိုပါ မဉ္ဇူလမ်း ကွန်ကရစ်လမ်းသစ်မှာ အရှည်ပေ ၆၀၀နှင့် အကျယ် ၁၀ပေရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ဘီလပ်မြေအိတ် ၅၀၀ ပံ့ပိုး၍ ဒေသခံပြည်သူများက ငွေကျပ် ၄၈ ဒသမ ၅၁သိန်းအကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အရှည်ငါးမိုင်ရှိ သုံးခွ-ကဒ္ဒပန လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းပြီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သုံးခွမြို့နယ် တကောလမ်းအဝင် Slab Culvert ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် အရှည်ပေ ၃၀၀၀ ရှိ တကောလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံရှိ Fly Man သစ်အချောထည် ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသော နှစ်ထပ်ဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆေးကုသဆောင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် အလှူရှင်ဦးအောင်နိုင်ဦး (Fly Man သစ်အချောထည်ကုမ္ပဏီ) က ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ဆေးကုသဆောင် ဆောက်လုပ်ရာတွင် ပါဝင်ကူသိုလ်ယူ လုပ်အားပေးခဲ့ကြသော ခရမ်းမြို့နယ် မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအတွက် မီးသတ်ဝတ်စုံ ၃၅ စုံနှင့် ရေစုပ်စက် တစ်လုံး၊ ကျုံမရေကျေးရွာအခြေခံပညာ မူလတန်းကျောင်းအတွက် စာသင်ခုံ အစုံ ၅၀ နှင့် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် လိုအပ်သော ဆေးဝါးများ ဖြည့်တင်းရန် ငွေကျပ်၁၅သိန်း၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် လူနာသန့်စင်ခန်းဆောက်လုပ်ရန်အတွက် ငွေကျပ် ၂၅သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ယနေ့ ဆောက်လုပ်လှူဒါန်းသည့် ဆေးကုသဆောင်မှာ အလျား ၇၇ပေ နှင့် အနံ ၂၇ပေရှိ အာစီနှစ်ထပ်ဆောင်ဖြစ်ပြီး ငွေကျပ် သိန်း ၈၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ခရမ်းမြို့နယ် ကွန်းမိုးဒိန်းစံပြကျေးရွာ ကွန်းမိုးဒိန်း မစိုးရိမ်တိုက်သစ်ကျောင်း ဓမ္မဘဏ္ဍာကကျောင်းဆောင်၌ ကျင်းပသော မစိုးရိမ်ကျောင်းသို့ ဆက်သွယ်သည့် လမ်းမကြီးကွန်ကရစ်ခင်းရန် အလှူငွေ ပေးအပ်လှူဒါန်းခြင်းနှင့် Fly Man သစ်အချောထည် ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် နှစ်ထပ်ဆေးကုသဆောင် ရေစက်ချအလှူမင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မစိုးရိမ်ကျောင်းသို့ ဆက်သွယ်သည့်လမ်းမကြီး ကွန်ကရစ်ခင်းရန်အတွက် အလှူရှင် ၁၂၅ ဦးက ငွေကျပ်သိန်း ၁၆၀ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက လက်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေါင်းတည်မြို့နယ်၌ အရန်စပါးများဝယ်ယူ

ပေါင်းတည် ဖေဖော်ဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် နိုင်ငံတော်အရန်ဆန်ထားရှိရေးအတွက် မြို့နယ်အရန်စပါးဝယ်ယူရေးလုပ်ငန်းကော်မတီမှ ဧည့်မထအုပ်စု စပါးမျိုး (၄၆)ပေါင် တင်းတစ်ရာလျှင် ငွေကျပ် ၃၃၀၀၀၀ နှုန်းဖြင့် ဒိုင်အမှတ်(၁) ကြယ်ငါးပွင့်ဆန်စက်ဝင်း ရွှေတောင်လမ်းနှင့်ဒိုင်အမှတ်(၂) မြင့်သီတာ ဆန်စက်ဝင်း ၂၁ လမ်းတို့တွင် ဝယ်ယူလျက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဈေးဝယ်သူ၏ စားကုန်ဈေးနှုန်းအညွှန်း

အမေး၊ အရေး - မချို

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့မဈေး၌ ၁၃-၂-၂၀၁၂ရက် (တနင်္လာနေ့)တွင် ဈေးဝယ်စဉ် မေးမြန်းသိရှိရသော အခြေခံစားကုန်ဈေးနှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြလိုက်ပါသည်-

စဉ်	ကုန်ပစ္စည်းအမည်	သင့်ငွေ (ကျပ်)	မှတ်ချက်
၁။	ပေါ်ဆန်းမွှေး(ရှယ်)တစ်ပြည်	၁၆၅၀-၁၇၀၀	ပုံမှန်ဈေး(အဟောင်း)
၂။	ပေါ်ဆန်းမွှေး(ရှယ်)တစ်ပြည်	၁၃၀၀	ပုံမှန်ဈေး(အသစ်)
၃။	ဧယာဆန်တစ်ပြည်	၇၅၀-၈၀၀-၈၅၀	အပြောင်းအလဲရှိ
၄။	ပဲဆီသန့်တစ်ပိဿာ	၃၅၀၀	ပုံမှန်ဈေး
၅။	နှမ်းဆီတစ်ပိဿာ	၂၄၀၀-၂၅၀၀	ပုံမှန်ဈေး
၆။	ကြက်သားတစ်ပိဿာ	၃၅၀၀	အကောင်လိုက်
၇။	ကြက်သားတစ်ပိဿာ	၄၅၀၀	အသားဈေး
၈။	ဝက်သားတစ်ပိဿာ	၅၀၀၀	ပုံမှန်ဈေး
၉။	အမဲသားတစ်ပိဿာ	၅၀၀၀	ပုံမှန်ဈေး
၁၀။	ငါးကြင်းတစ်ပိဿာ	၂၂၀၀	ပုံမှန်ဈေး(အကောင်လိုက်)
၁၁။	ငါးကြင်းတစ်ပိဿာ	၃၀၀၀	ပုံမှန်ဈေး(ခွဲခြမ်းအလယ်ပိုင်း)
၁၂။	ကြက်ဥ(၁၀)လုံး(အကြီး)	၁၀၀၀	အပြောင်းအလဲရှိ
၁၃။	ကြက်ဥ(၁၃)လုံး(အသေး)	၁၁၀၀	အဝင်များ
၁၄။	ဘဲဥ(၁၀)လုံး	၁၁၀၀	အဝင်များ
၁၅။	ကြက်သွန်ဖြူ (ရှမ်းမြွာကြီး)	၁၄၀၀	ပုံမှန်ဈေး(တစ်ပိဿာ)
၁၆။	ကြက်သွန်နီတစ်ပိဿာ	၅၀၀	အသစ်ထွက်၍ဈေးချို
၁၇။	အာလူးတစ်ပိဿာ(အလုံးကြီး)	၇၀၀-၈၀၀	ပုံမှန်ဈေး
၁၈။	အာလူးတစ်ပိဿာ	၄၀၀-၅၀၀	ဖြိုင်ဖြိုင်ပေါ်(အလုံးလတ်)
၁၉။	ဂေါ်ဖီထုပ်တစ်ထုပ်	၂၀၀-၃၀၀-၄၀၀	လှိုင်လှိုင်ထွက်
၂၀။	ပန်းဂေါ်ဖီတစ်ထုပ်	၂၀၀-၂၅၀	လှိုင်လှိုင်ထွက်
၂၁။	ခရမ်းချဉ်သီးတစ်ပိဿာ	၅၀၀	လှိုင်လှိုင်ထွက်၍ဈေးချို

(မြန်မာ့အလင်း)

အင်းလေးဒေသသို့ နိုင်ငံခြားခရီးသွားတို့ ပိုမိုဝင်ရောက်လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အင်းလေးကန်ကြီးအား အာဆီယံအမွေအနှစ်ရေအိမ်ကြီးအဖြစ် သတ်မှတ်ခံရပြီးနောက်ပိုင်း ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားဧည့်သည်များအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်းမှ အင်းလေးကန်ကြီးရှိရာသို့ ဝင်ရောက်မှု ပိုမိုများပြားလာခဲ့သည်ဟု သတင်းများရရှိသည်။

မြို့နယ်မှ တာဝန်ရှိသူတစ်ဦးက "ယခင်နှစ်တွေကထက် နိုင်ငံခြားဧည့်သည် ဝင်ရောက်မှုက ရာခိုင်နှုန်းအားဖြင့် ၅၀ ရာခိုင်နှုန်း ကျော်ကျော်လောက် ပိုဝင်လာတာကို လေ့လာတွေ့ရှိရပါတယ်"ဟု ပြောကြားခဲ့သည်။

ဧည့်သည်ကလည်း ၂၀၁၀-၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ခရီးသည်ဝင်ရောက်မှုနှင့် ၂၀၁၁-၂၀၁၂ (ဧပြီလမှ ဒီဇင်ဘာလ) အထိ နှိုင်းယှဉ်ပြောခြင်းဖြစ်သည်။ ထိုလများအတွင်း နိုင်ငံခြားခရီးသွားဧည့်သည်တစ်သိန်းကျော်ခဲ့ကြောင်း ၎င်းကထပ်မံပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာလျှင် ရေပေါ်၌ နေအိမ်ဆောက်လုပ်ပြီး ခြေထောက်တစ်ဖက်တည်းနှင့် လှေလှော်သူများနေထိုင်ကြခြင်းဖြစ်သည်။ ယင်းတို့၏ လူမှုဘဝကို ခရီးသွားများ စိတ်ဝင်စားခဲ့ကြသည်။

ထို့အပြင် ရေပေါ်တွင်တည်ရှိသည့် ဖောင်တော်ဦးဘုရား၊ အင်းတိန်ဘုရား၊ ရွှေဟောင်းဘုန်းတော်ကြီးကျောင်း၊ ငါးဖယ်ချောင်းကျေးရွာ ရေပေါ်စိုက်ခင်းများ ငါးဖမ်းလုပ်ငန်းနှင့် လက်မှုပညာလုပ်ငန်းများက သူတို့အတွက် အဆန်းတကြယ်ဖြစ်နေခဲ့သည်။

မကြာသေးမီကပင် CNN သတင်းဌာနက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ သွားရောက်လည်ပတ် လေ့လာစရာကောင်းသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့သည်ကိုလည်း သတိထားမိလိုက်သည်။

အင်းလေးကန်ကြီးမှာ ၂၄၈ စတုရန်းမိုင်ခန့်ကျယ်ပြောပြီး ရေပေါက်ပင်၊ ရေမျောပင်၊ ရေညှိပင်၊ ရေမှော်ပင်များ ပေါက်ရောက်လျက်ရှိကာ ရွှံ့နွံတောများကြောင့် ကိုင်းမြက်တောများလည်း ရှိနေသည်။

ငှက်မျိုးစိတ်အားဖြင့် ၂၄၀ ကျော်ရှိပြီး အသံသာသာဖြင့် ရေပေါ်တွင်ဝဲပျံနေသည့် ကြိုးကြာငှက်များကိုလည်း မြင်တွေ့နိုင်သည့်အပြင် လိပ်ပြာမျိုးစိတ်ပေါင်း ၇၀ ခန့်၊ ကုန်းနှင့်ရေ တွားသွားသတ္တဝါမျိုးစိတ် ၃၀ ခန့်၊ ငါးမျိုးစိတ်ပေါင်း ၅၀ ကျော်ရှိနေကြောင်းကိုလည်း သိရှိရသည်။

အင်းလေးဒေသအတွင်း၌ လက်ရှိဟိုတယ်အလုံးပေါင်း ၄၂ လုံးနှင့် ဆောက်လက်စ ဟိုတယ်များလည်း ရှိနေသည်ဖြစ်ရာ အင်းလေးဒေသသည် ယခင်နှစ်များနှင့် မတူ ပိုမိုဖွံ့ဖြိုးစည်ပင်လာခဲ့ပြီ ဖြစ်ပါကြောင်း . . .။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

သတိပေးနှိုးဆော်ချက်

ပြည်ပမှတင်သွင်းထုတ်ယူလာသည့် မော်တော်ယာဉ်များအား နံပါတ်မရမီကာလအတွင်း နေအိမ်မှ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ သွားသည့်လမ်းကြောင်းတွင်သာ အသုံးပြုမောင်းနှင်ရန် နှိုးဆော်ချက်ထုတ်ပြန်ထားသော်လည်း အချို့ယာဉ်ပိုင်ရှင်များသည် သတ်မှတ်ရက်အတွင်း နံပါတ်ရအောင် မလုပ်ခြင်း၊ လမ်းကြောင်းမဟုတ်သောနေရာများ(ဈေး၊ ကျောင်း၊ စားသောက်ဆိုင်)များသို့ မောင်းနှင်နေခြင်း၊ သတ်မှတ်ရုံးချိန်တွင် မောင်းနှင်ခြင်းမပြုဘဲ အချိန်လွန်မှ မောင်းနှင်နေခြင်းများကို တွေ့ရှိရပါသည်။ ထိုသို့သော နံပါတ်မပါယာဉ်များသွားလာခြင်းကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားခြင်း၊ ယာဉ်စည်းကမ်းဖောက်ဖျက်သည့်အခါ အရေးယူရန် ခက်ခဲခြင်းများရှိပါသည်။ အဆိုပါ နံပါတ်မပါယာဉ်များကို သတ်မှတ်လမ်းကြောင်း၊ သတ်မှတ်ချိန်မဟုတ်ဘဲ မောင်းနှင်ကြောင်းတွေ့ရှိပါက ၁-၂-၂၀၁၂ ရက်နေ့မှစ၍ မော်တော်ယာဉ် ဥပဒေအရ ဒဏ်ငွေနှင့် စီမံခန့်ခွဲမှုဒဏ်ငွေ ၅၁၅၀၀ ကျပ် ပေးဆောင်ရမည့်အပြင် ယာဉ်မောင်းသူအား ယာဉ်မောင်းလိုင်စင်(၆)လ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

ပြည်ထောင်စုနေ့ အခမ်းအနား အမြို့မြို့အနယ်နယ်၌ ကျင်းပ

ဖေဖော်ဝါရီ ၁၂ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် အထက(၁)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို တောင်ဥက္ကလာပမြို့နယ် အထက(၅) ကျောင်းရှေ့၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်သိန်း ဖတ်ကြားစဉ်။ (ဝ၂၃)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မော်ဝန်းမာလာ ပန်းခြံ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့် ဖတ်ကြားစဉ်။ (ထွေ/အုပ်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ကျိုက်လတ်မြို့နယ် မြို့နယ်အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်း ဖတ်ကြားစဉ်။ (ဝ၂ဝ)

စက်မှုနှင့်သက်မွေးပညာရေးသည် လူငယ်များကို လူ့အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှုအလေ့အကျင့်ကောင်းများရရှိရေးမြှင့်တင်ပေး

သင်ယူမှုအခွင့်အလမ်းမြှင့်တင်ရေးကဲ့သို့ အရည်အသွေးမြှင့်တင်ရေးကိုလည်း အခြေခံနှင့်အဆင့်မြင့်ကဏ္ဍနှစ်ခုစလုံးခိုင်မာအောင်ပြုလုပ်

စက်မှုလုပ်ငန်းများတွင် နည်းပညာသစ်များပေါ်ထွက်စေနိုင်မည့် နည်းပညာနှင့် ဆန်းသစ်သည့် ပညာရပ်ဖော်ထုတ်ရေးဌာနများတည်ထောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအတွက် မူဝါဒရွေးချယ်သတ်မှတ်ရေးဆိုင်ရာ အမျိုးသားအဆင့်ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ လူမှုရေးဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ NGO နှင့် INGO တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကအခန်းကဏ္ဍများမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ဤညီလာခံကြီးတွင် အဖွင့်မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်ပါကြောင်း၊ ဦးစွာပထမ Conference on Development Policy Options in Myanmar With Special Reference to Education and Health ညီလာခံသို့ တက်ရောက်လာသူအပေါင်းအား ကြိုဆိုပါသည်ဟု ပြောကြားလိုပါကြောင်း။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအတွက် မူဝါဒရွေးချယ်သတ်မှတ်ရေးဆိုင်ရာ အမျိုးသားအဆင့်ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဤညီလာခံ၏ ရည်ရွယ်ချက်မှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုနယ်ပယ်များ အထူးသဖြင့် ပညာရေးနှင့် ကျန်းမာရေးနယ်ပယ်များကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် မူဝါဒများချမှတ်ရန်ဖြစ်ပါကြောင်း၊ ဤညီလာခံသည် အာရှနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံအချို့တို့၏ အကောင်းဆုံးအတွေ့အကြုံများကို အခြေခံကာ ပညာရေး၊ ကျန်းမာရေးနယ်ပယ်တွင် အဆင့်မြှင့်တင်နိုင်ရန် မူဝါဒများချမှတ်အကောင်အထည်ဖော်ရေးအတွက် ကောင်းမွန်သောရလဒ်များဖော်ထုတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

တက်ရောက်လာကြသူများအားလုံး သိပြီးဖြစ်သည့်အတိုင်း အဖွဲ့အစည်းအသီးသီးပါဝင်သော ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နိုင်ငံတော်အဆင့်ဆွေးနွေးပွဲကို ယမန်နှစ်က ကျင်းပခဲ့ပါကြောင်း၊ တိုင်းပြည်လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိသောကြောင့် ကျေးလက်ပြည်သူလူထု၏ လူမှုရေးဘဝမြှင့်တင်ရေးသည် မိမိတို့၏ အဓိကအစီအစဉ်တစ်ရပ် ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီများကိုဖွဲ့စည်းကာ အဓိကလုပ်ငန်းတာဝန်ကြီး (၈)ရပ်ချမှတ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ဆင်းရဲမှုနှုန်းကို ယခုလက်ရှိ ၂၆ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချရန် ရည်မှန်းချက်ထားရှိပါကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများရှိ လူသားအရင်းအမြစ်များကို မြှင့်တင်ခြင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေး ရည်မှန်းချက်ကို ပေါက်ရောက်အောင်မြင်စေလိမ့်မည် ဖြစ်ပါကြောင်း။

ဘက်စုံစီမံကိန်း

ဖွံ့ဖြိုးတိုးတက်မှုကို ဘက်စုံစီမံကိန်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုးတက်မှုကိုရရှိရန် ပြည်သူများ၏ဘဝ အရည်အသွေးလိုအပ်ချက်ကို မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း၊ တိုးတက်မှု၏ အသီးအပွင့်များကို ပြည်သူလူထုအကြား ညီမျှစွာ ခွဲဝေခံစားပေးစေရန် လိုအပ်ပါကြောင်း၊ သို့အတွက် စီးပွားရေးမူဝါဒတစ်ခုအနေဖြင့် ညီမျှသော ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး ပါဝင်ပါကြောင်း။

နှစ်ဆတိုးမြှင့်

မိမိတို့နိုင်ငံ၏ လူ့စွမ်းအားတိုးတက်ဖွံ့ဖြိုးမှု အညွှန်းကိန်း HDI မှာ အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နိမ့်ကျနေသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ အောင်မြင်ရန် လူနေမှုအဆင့်အတန်းကို နှစ်ဆတိုးမြှင့်ပေးရန် လိုအပ်ပါကြောင်း။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရန် ပြည်သူလူထုကို ဗဟုသုတ၊ ကြောင်းကျိုးဆက်စပ် တွေးခေါ်မှုဆိုင်ရာ အလေ့အကျင့်များ တိုးတက်စေရေး *စာမျက်နှာ ၃ ကော်လံ ၁* ●

မောင်မောင်မြင့်ဆွေ - ရေးသားသည်

ဇမ်ဘီယာတို့ အာဖရိကဖလား ဆွတ်ခူးအောင်ပွဲခံ

လိုင်ဘရီဗီလီ ဖေဖော်ဝါရီ ၁၃

အာဖရိကဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် အိုင်ဗရီကို့စ်နှင့် ဇမ်ဘီယာအသင်းတို့ ဖေဖော်ဝါရီ ၁၃ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပွဲချိန်ပြည့်သည်အထိ ဂိုးမရှိသရေပွဲဖြစ်ခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ် ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် ဇမ်ဘီယာတို့နိုင်ပွဲရရှိပြီး အာဖရိကဖလားကို ပိုင်ပိုင်နိုင်နိုင် ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ကြသည်။ (အောက်ပုံ)

အိုင်ဗရီကို့စ်အသင်းတွင် ပရီမီယာလိဂ်၌ ခြေစွမ်းပြကစားနေကြသော ဒရော့ဘာ၊ ဂါဗင်ဟို၊ ကာလူး၊ ယာယာတိုရေး၊ ကိုလိုတိုရေး စသည့် ကမ္ဘာကျော်ဘောလုံးသမားများအဓိကထားကာ ဒရော့ဘာက အသင်းခေါင်းဆောင်အဖြစ် ပွဲထွက်လာခဲ့သည်။ ဇမ်ဘီယာအသင်းတွင်မူ အသင်းခေါင်းဆောင် ကာတန်ဂို၊ ကာလာဘာ၊ မာယူကာ၊ လန်ဂူ၊ ချန်ဆာနှင့် ဆင်ကာလာတို့ ဦးဆောင်ကာ နာမည်ကြီး အိုင်ဗရီကို့စ်အသင်းကို ရဲရဲတင်းတင်း ရင်ဆိုင်ကစားခဲ့သည်။

ဟန့်တားနိုင်

ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်မကစားဘဲထိန်းပြီးကစားနေကြသလို အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာ၏ ထိုးဖောက်မှုများကို ဇမ်ဘီယာနောက်ခံလူများ ဟန့်တားနိုင်ခဲ့သည်။ ဇမ်ဘီယာတို့ အိုင်ဗရီကို့စ်တိုက်စစ်ကို ထိန်းရင်း တန်ပြန်တိုက်စစ်ဖြင့် ဂိုးသွင်းနိုင်ရေးကြိုးစားသော်လည်း အရာမထင်ခဲ့ချေ။

စာမျက်နှာ ၈ ကော်လံ ၃ ❐

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

အအေးလွန်ကဲသော ရာသီဥတုအတွင်း မောင်းနှင်ပျံသန်းနိုင်သည့် ရဟတ်ယာဉ် တရုတ်ထုတ်လုပ် စာ-၆

မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းပကားဖြင့် တည်ဆောက်ခဲ့သည့် ဗိုလ်မြတ်ထွန်းတံတား စာ-၉

အင်းလေးဒေသသို့ နိုင်ငံခြားခရီးသွားတို့ ပိုမိုဝင်ရောက်လာ စာ-၁၀